mgyoe.com

SAMPLE BOOK

# TRUMP

## I WANT TO HEAR YOUR STORY



# ထရမ့်

## အမေရိကန် သမိုင်းကို

## စာမျက်နှာအသစ် ဖွင့်ခဲ့သူ

ထက်ထက်တင်ဇာ

mgyoe.com

mgyoe.com SAMPLE BOOK

# ထရမ့်

## အမေရိကန် သမိုင်းကို စာမျက်နှာအသစ် ဖွင့်ခဲ့သူ

ထက်ထက်တင်ဇာ

Trump: I Want to Hear Your Story ဆိုတဲ့ ဒီစာအုပ်က ခေါင်းကြီးသတင်းတွေ၊ Twitter ပို့စ်တွေနဲ့ အငြင်းပွားစရာကိစ္စတွေကို ကျော်လွန်ပြီး ခေါင်းဆောင်မှုနဲ့ ဩဇာလွှမ်းမိုးမှုရဲ့ အဓိပ္ပာယ်ကို ပြန်ဆိုချက် ပြောင်းလဲခဲ့တဲ့ အမျိုးသားတစ်ဦးရဲ့ ဘဝဇာတ်ကြောင်းနဲ့ အချိန်အကြာကြီး အရှိန်အဝါသက်ရောက်မှုကို လေ့လာဖော်ထုတ်ထားတဲ့ စာအုပ်တစ်အုပ်ပါ။ သူ့ရဲ့လုပ်ရပ်တွေကို ကာကွယ်ပေးတဲ့ စာအုပ်လည်း မဟုတ်သလို သူ့ရဲ့ဆုံးဖြတ်ချက်တွေကို ဝေဖန်ရှုတ်ချထားတဲ့ စာအုပ်လည်း မဟုတ်ပါဘူး။ ကမ္ဘာကြီးအပေါ် သူ့ရဲ့ ဩဇာလွှမ်းမိုးမှုကို စူးစမ်းလေ့လာဖို့ အဓိကထားပါတယ်။

Cover Design PaingNaingAung@2025

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၃၆)

ပုံနှိပ်မှတ်တမ်း



# ထက်ထက်တင်ဇာ

## ထရမ့် (အမေရိကန်သမိုင်းကို စာမျက်နှာ အသစ်ဖွင့်ခဲ့သူ)


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ မတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ ဝိုင်နိုင်အောင်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၇၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၀၊ သဘော်ကျင်း ၂ လမ်း၊
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ထက်ထက်တင်ဇာ
ထရမ့် (အမေရိကန်သမိုင်းကို စာမျက်နှာ အသစ်ဖွင့်ခဲ့သူ) /
ထက်ထက်တင်ဇာ။ ရန်ကုန်။ စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၁၃၆၊ ၁၃.၉၇ စင်တီ × ၂၀.၃၂ စင်တီ
(၁၃၆) ထရမ့် (အမေရိကန်သမိုင်းကို စာမျက်နှာ အသစ်ဖွင့်ခဲ့သူ)


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


♦ မိတ်ဆက် - ထရမ့်အကြောင်း အရေးပါမှု ၇

♦ အပိုင်း (၁) တန်ခိုးကြီးဇာ လွှမ်းမိုးသည့်ထောက်တိုင်များ

၁။ အခန်း (၁) ထရမ့်မိသားစု၏ အတိတ်သမိုင်း ၁၄

၂။ အခန်း (၂) လူငယ်လေး ထရမ့် ၁၈

၃။ အခန်း (၃) အိမ်ခြံမြေလောကတွင် ပထမဆုံး ခြေလှမ်းများ ၂၄

♦ အပိုင်း (၂) ပုံရိပ် တည်ဆောက်ခြင်း

၄။ အခန်း (၄) ထရမ့်တာဝါ အောင်မြင်မှု ၃၂

၅။ အခန်း (၅) စီးပွားရေးတွင် အောင်မြင်မှုများနှင့် အခက်အခဲများ ၃၈

၆။ အခန်း (၆) ထရမ့်၏ နာမည်ကျော်ဘဝ ၄၅

♦ အပိုင်း (၃) နိုင်ငံရေးခရီးစဉ်

၇။ အခန်း (၇) နိုင်ငံရေး ပြင်ပမှ ဝင်ရောက်လာသူ ၅၂

၈။ အခန်း (၈) ၂၀၁၆ ခုနှစ် မဲဆွယ်စည်းရုံးမှု ၅၈


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၉။ အခန်း (၉) သမ္မတသက်တမ်း - နှစ်အလိုက် ၆၃

♦ အပိုင်း (၄) သမ္မတသက်တမ်း ကုန်ဆုံးပြီးနောက်

၁၀။ အခန်း (၁၀) သမ္မတသက်တမ်းကုန်ဆုံးပြီးနောက် အခန်းကဏ္ဍ ၇၀

၁၁။ အခန်း (၁၁) စီးပွားရေး၊ သတင်းမီဒီယာနှင့် မိသားစု ၇၉

၁၂။ အခန်း (၁၂) အကောင်းနှင့်အဆိုး
ဒွန်တွဲနေသော လွှမ်းမိုးသက်ရောက်မှု ၈၆

♦ အပိုင်း (၅) ထရမ့်၏ ဩဇာလွှမ်းမိုးမှုကို စူးစမ်းလေ့လာခြင်း

၁၃။ အခန်း (၁၃) ခေါင်းဆောင်မှုဆိုင်ရာ သင်ခန်းစာများ ၁၀၂

၁၄။ အခန်း (၁၄) ထရမ့်ဘဝဖြစ်စဉ် ၁၁၀


၁၅။ အခန်း (၁၅) ထရမ့်ဝါဒ၏ အနာဂတ် ၁၁၉

♦ 'Trump: I Want to Hear Your Story' ၁၃၂


mgyoe.com

mgyoe.com SAMPLE BOOK


စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော
စာရေးဆရာမ ထက်ထက်တင်ဇာ၏ စာအုပ်များ




**ထက်ထက်တင်ဇာ**
အိပ်မက်ကြီးတဲ့ ကလေးငယ်
(၇)



(၆)
**ထက်ထက်တင်ဇာ**
တေလာဆွစ် (သို့မဟုတ်)…



**ထက်ထက်တင်ဇာ**
စာသင်ခန်းထဲက…
(၈)



(၉)
**ထက်ထက်တင်ဇာ**
အာရှီအာနှာ ဂရန်ဒေ


mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော
စာရေးဆရာမ ထက်ထက်တင်ဇာ၏ စာအုပ်များ




**ထက်ထက်တင်ဇာ**
ခရစ္စတီယာနို ရော်နယ်ဒို
၁၁



**ထက်ထက်တင်ဇာ**
လီယွန်နယ် မက်ဆီ
၁၂



**ထက်ထက်တင်ဇာ**
အမေဇုန် မိုးသစ်တော
၁၄



**ထက်ထက်တင်ဇာ**
ထရမ့်
၁၄၆

mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက် - ထရမ့်အကြောင်း အရေးပါမှု

ဒေါ်နယ်လ် ဂျွန် ထရမ့်ဆိုတာ စိတ်ခံစားချက် အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်စေတဲ့ အမည်တစ်ခုဖြစ်တယ်။ သူ့ရဲ့ ရဲရင့်မှုနဲ့ ဖွဲ့လုံ့လကြောင့် လေးစားအားကျတဲ့စိတ်ဖြစ်စေသလို အုပ်စုကွဲအောင် ဖန်တီးတတ်ပြီး အငြင်းပွားဖွယ် သူ့ရဲ့ အမူအကျင့်ကြောင့် ထောက်ပြဝေဖန်လိုစိတ်လည်း ဖြစ်ပေါ်စေပြန်တယ်။ လူအချို့အတွက် ထရမ့်ဆိုတာ ရဲရင့်မှုနဲ့ အနိုင်မခံ အရှုံးမပေးတတ်တဲ့ စိတ်ဓာတ်ကို ကိုယ်စားပြုပြီး အချို့အတွက်တော့ ငြင်းခုံသူ၊ ပွဲဖျက် နှောင့်ယှက်သူနဲ့ ခန့်မှန်းမရနိုင်သူအဖြစ် အဓိပ္ပာယ်သက်ရောက်တယ်။ အမြင်သဘောထားတွေ ဘယ်လိုပဲရှိပါစေ သေချာတာ တစ်ခုကတော့ ထရမ့်ရဲ့ ဇာတ်ကြောင်းက ခေတ်သစ်သမိုင်းမှာ စိတ်ဝင်စားစရာ အကောင်းဆုံးတွေထဲက တစ်ခုအဖြစ် ပါဝင်နေတာပါပဲ။ အိမ်ခြံမြေ စီးပွားရေး လုပ်ငန်းရှင်ကနေ ကမ္ဘာသိ ထင်ရှားကျော်ကြားသူ ဖြစ်လာတဲ့အထိ၊ နောက်ဆုံးမှာ အမေရိကန်ပြည်ထောင်စု သမ္မတရာထူး ရရှိတဲ့အထိ သူ့ရဲ့ခရီးက လူသန်းပေါင်း များစွာရဲ့ အာရုံကို ဆွဲဆောင်ပြီး မျက်မှောက်ခေတ်ရဲ့ နိုင်ငံရေးနဲ့ ယဉ်ကျေးမှုရေးရာ ဟောပြောမှုတွေ၊ ရေးသားမှုတွေမှာ ကြီးမားစွာ လွှမ်းမိုးနေပါတယ်။

Trump: I Want to Hear Your Story ဆိုတဲ့ ဒီစာအုပ်က ခေါင်းကြီးသတင်းတွေ၊ Twitter ပို့စ်တွေနဲ့ အငြင်းပွားစရာ ကိစ္စတွေကို ကျော်လွန်ပြီး ခေါင်းဆောင်မှုနဲ့ ဩဇာလွှမ်းမိုးမှုရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုချက် ပြောင်းလဲခဲ့တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသားတစ်ဦးရဲ့ ဘဝဇာတ်ကြောင်းနဲ့ အချိန်အကြာကြီး အရှိန်အဝါ သက်ရောက်မှုကို လေ့လာဖော်ထုတ်ထားတဲ့ စာအုပ်တစ်အုပ်ပါ။ သူ့ရဲ့လုပ်ရပ်တွေကို ကာကွယ်ပေးတဲ့ စာအုပ်လည်း မဟုတ်သလို သူ့ရဲ့ဆုံးဖြတ်ချက်တွေကို ဝေဖန်ရှုတ်ချထားတဲ့ စာအုပ်လည်း မဟုတ်ပါဘူး။ ကမ္ဘာကြီးအပေါ် သူ့ရဲ့ဩဇာလွှမ်းမိုးမှုကို စူးစမ်းလေ့လာဖို့ အဓိကထားပါတယ်။

❑

## လမ်းကြောင်းဖောက်ခြင်း

ဒေါ်နယ်လ် ထရမ့်ရဲ့ ဇာတ်ကြောင်းက ဘာကြောင့် အရေးကြီးရသလဲ။ ဒီမေးခွန်းကို ဖြေဆိုဖို့ဆိုရင် မကြုံစဖူး သူ့ရဲ့ မြင့်တက်လာတဲ့ ထင်ပေါ်ကျော်ဇောမှု သဘာဝကို အရင်ဆုံး ထည့်စဉ်းစားရပါမယ်။ သူက နိုင်ငံရေးလောက ပြင်ပက လူတစ်ယောက်ပါ။ အမေရိကန်ပြည်ထောင်စုရဲ့ ၄၅ ယောက်မြောက် သမ္မတဖြစ်လာဖို့ အစဉ်အလာကိုလိုက်တဲ့ သမားရိုးကျ စံနှုန်းတွေကို ချိုးဖျက်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းရှင်နဲ့ တီဗွီအစီအစဉ် တင်ဆက်သူတစ်ယောက်ပါ။ ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲမှာ သူ့ရဲ့အောင်မြင်မှုက နိုင်ငံရေးပညာရှင်တွေကို အံ့အားသင့်စေခဲ့ရတယ်။ နိုင်ငံရေးလေ့လာသုံးသပ်သူ ပညာရှင်များစွာက အရေးမပါတဲ့ သာမန် ကိုယ်စားလှယ်လောင်းအဖြစ် သူ့ကို ဖယ်ထုတ်ထားခဲ့ကြတယ်။ ဒါပေမဲ့ ထရမ့်ရဲ့ အမှာစကားက နိုင်ငံရေး အဆောက်အအုံကို စိတ်ပျက်နေခဲ့တဲ့ အမေရိကန်ပြည်သူတွေရဲ့ရင်ကို ရိုက်ခတ်စေခဲ့တယ်။

ထရမ့်ရဲ့ အောင်မြင်မှုက နိုင်ငံရေးအခင်းအကျင်းမှာသာ မကပါဘူး။ သမားရိုးကျ အဖွဲ့အစည်းတွေအပေါ် လူထုယုံကြည်မှုကို ပြောင်းလဲတာတွေ၊ နိုင်ငံရေး ဟောပြောမှုတွေ၊ ရေးသားမှုတွေအပေါ် လူမှုကွန်ရက်ရဲ့ ဩဇာလွှမ်းမိုးမှုကြီးထွားလာတာနဲ့ ကမ္ဘာတဝှမ်းမှာ သာမန်ပြည်သူအကျိုးကို လိုလားတဲ့ ဝါဒလှုပ်ရှားမှုတွေ နိုးထလာတာ အစရှိသဖြင့် လူ့အဖွဲ့အစည်း ပြောင်းလဲမှုတွေအပေါ်မှာလည်း ကျယ်ကျယ်ပြန့်ပြန့် ထင်ဟပ်စေတယ်။ သူ့အောင်မြင်မှု နောက်ကွယ်က အကြောင်းရင်းတွေက ရိုးရှင်းမနေပါဘူး။ ပိုမိုကျယ်ပြန့်တဲ့ ဂယက်ရိုက်ခတ်မှုတွေရှိနေတယ်ဆိုတာ ဖော်ပြနေပါတယ်။ အစဉ်အလာကို ဆန့်ကျင်တဲ့ သူ့ရဲ့ဆက်သွယ်မှုနည်းလမ်းဖြစ်တဲ့ လူထုကြိုက်ဝါဒနည်းလမ်းနဲ့ ငြင်းခုံစရာ ကိစ္စရပ်တွေကို နောင်တမရှိ ပြောင်းလဲပစ်လိုစိတ်က အခြားသော လူထုခေါင်းဆောင်တွေက ပြည်သူလူထုဆီချဉ်းကပ်တဲ့ နည်းစနစ်တွေကို ပုံစံအသစ် ပြောင်းစေခဲ့တယ်။ သူ့ကို အာဏာရအောင်

mgyoe.com

mgyoe.com SAMPLE EBOOK

တွန်းပို့ပေးခဲ့တဲ့ ဒီပြောင်းလဲမှုတွေနဲ့ ထောက်ခံအားပေးခဲ့တဲ့ ပြည်သူလူထုတွေ ဘာကြောင့် ဖြစ်ပေါ်စေခဲ့သလဲဆိုတဲ့ အကြောင်းရင်းကို သူ့ဇာတ်ကြောင်းကို နားလည်ရင် သဘောပေါက်နိုင်မှာပါ။

❑

## အုပ်စုကွဲအောင် ဖန်တီးတတ်သည့်ပုဂ္ဂိုလ်

ဒေါ်နယ်လ် ထရမ့်လို လူထုထင်မြင်ချက်ကို သိသိသာသာ အုပ်စုကွဲစေခဲ့တဲ့ ပုဂ္ဂိုလ်မျိုးက သမိုင်းမှာ အနည်းငယ်သာ ရှိပါတယ်။ ဥပမာ ရီပဗ္ဗလစ်ကန်မဲဆန္ဒရှင်တွေကြားမှာ စံချိန်မြင့် ထောက်ခံမှုနှုန်းထား (၈၈ %) ရှိပေမဲ့ တစ်ချိန်တည်းမှာပဲ ဒီမိုကရေစီလိုလားသူတွေဆီက အလွန်နည်းပါးတဲ့ ထောက်ခံအားပေးမှု (၅ %) ရှိတယ်ဆိုတာ ဇန်နဝါရီလ ၂၀၂၁ ခုနှစ်မှာ ပြည်သူလူထု ထင်မြင်ချက်နမူနာစစ်တမ်း (Gallup poll) မှာ ဖော်ပြနေတယ်။ ဒီလို သိသာထင်ရှားတဲ့ ဆန့်ကျင် ကွဲလွဲမှုတွေက အုပ်စုကွဲအောင် သူဖန်တီးခဲ့တဲ့ အတိုင်းအတာကို ဖော်ပြနေပြီး နယ်ပယ်အနှံ့အပြားမှာ သူ့ရဲ့ လွှမ်းမိုးမှုကို နားလည်သွားစေတယ်။ ထောက်ခံအားပေးသူတွေအတွက် သူက မေ့လျော့ခံထားရသူတွေကို ရပ်တည် ကာကွယ်ပေးသူ၊ အမေရိကန် အကျိုးစီးပွားကို ဦးစားပေးပြီး ရှိရင်းစွဲခေါင်းဆောင်မှု နည်းစနစ်တွေကို သွေဖည်တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်တယ်။ ပြင်ပက အယူအဆအသစ်တွေ ဝါရှင်တန်ပြည်နယ်ဆီ ယူဆောင်လာပေးတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၊ စနစ်အတွင်းက အားနည်းချက်တွေနဲ့ အရေခြုံ သူတော်ကောင်း ဟန်ဆောင်မှုတွေကို ဖော်ထုတ်ပေးခဲ့တဲ့ ရှေးရိုးလမ်းစဉ်ကနေ ခွဲထွက်သူအဖြစ် မြင်ကြတယ်။

သူ့ကို ရှုတ်ချပုတ်ခတ်သူတွေအတွက်မှာ ထရမ့်က သဘောထားကွဲအောင် ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး သူ့ရဲ့ စကားပြောပညာနဲ့ မူဝါဒတွေက လူ့အဖွဲ့အစည်းအတွင်း တင်းမာမှုတွေ ပိုမိုဆိုးရွားအောင် ဖန်တီးသူဖြစ်တယ်။ သူ့ရဲ့ခေါင်းဆောင်မှုပုံစံ၊ အဓိက ပြဿနာရပ်တွေအပေါ် ကိုင်တွယ်ဖြေရှင်းမှုနဲ့ အုပ်ချုပ်မှုနည်းစနစ်တွေကို ဝေဖန်ကြတယ်။ ဝေဖန်သူတွေအတွက် ထရမ့်သမ္မတလက်ထက်မှာ ပုံမှန်အစဉ်အလာကို လက်ခံထားတဲ့ စံနှုန်းတွေ၊ တန်ဖိုးတွေနဲ့ ဆန့်ကျင်သွေဖည်နေတယ်လို့ ပြောဆိုကြတယ်။

လူထုက သူ့အပေါ် မတူညီတဲ့အမြင်တွေ ရှိကြတဲ့ အချက်ကြောင့်လည်း ထရမ့်ရဲ့ဇာတ်ကြောင်းက ပိုပြီး စိတ်ဝင်စားစရာကောင်းတာပါ။ အရင်က နိုင်ငံရေးအတွေ့အကြုံ လုံးဝမရှိတဲ့ လူတစ်ယောက်က ဘယ်လိုကြောင့် တိုင်းပြည်မှာ အမြင့်ဆုံး

mgyoe.com

mgyoe.com SAMPLE BOOK

နေရာအထိ ရောက်လာခဲ့ရသလဲ။ ခေါင်းဆောင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ ကိုယ်ပိုင်ပုံရိပ်ရဲ့ ဩဇာလွှမ်းမိုးမှုနဲ့ ပတ်သက်ပြီး သူ့အောင်မြင်မှုကနေ ဘာတွေ သိလာရမလဲ။

❑

## ကြားနေရေးဝါဒနှင့် ဘက်မလိုက်ဝါဒ

ဒီစာအုပ်ကို ရေးသားရာမှာ ဒေါ် နယ်လ် ထရမ့်ဘဝရဲ့ အချိန်ကြာမြင့်စွာ ဩဇာလွှမ်းမိုးမှု အကြောင်းကို မျက်နှာမလိုက်ဘဲ အရှိအတိုင်း တင်ပြဖို့ ရည်ရွယ်ပါတယ်။ နိုင်ငံရေးဆိုင်ရာ ရှုထောင့်အလုံးစုံက အင်တာဗျူးတွေ၊ လူထုမှတ်တမ်းတွေနဲ့ သတင်းမီဒီယာ အစီရင်ခံစာတွေ အပါအဝင် ရင်းမြစ်အမျိုးမျိုးကို အခြေပြုပြီး ဘက်လိုက်မှု မရှိအောင် ကြိုးပမ်းထားတယ်။ သူ့ရဲ့ အောင်မြင်မှုတွေနဲ့ အငြင်းပွားစရာ ပြဿနာတွေ နှစ်ရပ်စလုံးအပေါ် ထင်ဟပ်တဲ့ ရှုထောင့်အမြင်တွေကို ဟန်ချက်ညီမျှတမှုရှိအောင် အချက်အလက်တွေကို ပြန်လည် တိုက်ဆိုင်စစ်ဆေးထားတယ်။ သူ့အပေါ် မှာ အပြုသဘောရော အပျက်သဘောပါ ရှိနေတဲ့ လူထုရဲ့ ပြင်းပြင်းထန်ထန် သဘောထားတွေကြောင့် ဒါဟာ လွယ်ကူတဲ့ တာဝန်တစ်ရပ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူဆောင်ရွက်ခဲ့တဲ့ ကောင်းတဲ့အရာတွေရော၊ သဘောထားကွဲလွဲစေတဲ့ အရာတွေ နှစ်ခုစလုံးကို သိရှိအောင် သူ့ဇာတ်ကြောင်းကို အမှန်အတိုင်း ပြောပြနိုင်ဖို့ အရေးကြီးပါတယ်။ စာဖတ်သူတွေအတွက် ကိုယ်ပိုင်ထင်မြင်ယူဆချက်တွေ ကောက်ချက်ချနိုင်အောင် အဘက်ဘက် ပြည့်စုံပြီး မျှမျှတတရှိတဲ့ အမြင်တစ်ရပ် ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။

ထရမ့်ရဲ့ ဇာတ်ကြောင်းက သူတစ်ဦးတည်းအကြောင်း မဟုတ်ပါဘူး။ သူ့ကို ထောက်ခံအားပေးတဲ့ လူထုနဲ့ သူပုံဖော်ခဲ့တဲ့ လှုပ်ရှားမှုတွေအကြောင်းလည်း ပါဝင်တယ်။ နှစ်ဆယ့်တစ်ရာစုမှာ တန်ခိုးဩဇာ၊ သတင်းမီဒီယာနဲ့ နိုင်ငံရေးတွေအပေါ် ပြောင်းလဲနိုင်မှုတွေအကြောင်းလည်း ပါဝင်တယ်။ ဒီအကြောင်းအရာတွေကို လေ့လာဖော်ထုတ်ရင်း သူ့လက်ထက်မှာ ပိုမိုကျယ်ပြန့်တဲ့ ဂယက်ရိုက်ခတ်မှုတွေကို သိနားလည်စေအောင် ရည်ရွယ်ပါတယ်။

❑

## စာအုပ်၏ ဖွဲ့စည်းပုံအခင်းအကျင်း

ဒီစာအုပ်ကို အပိုင်းငါးပိုင်း ခွဲထားပါတယ်။ တစ်ပိုင်းချင်းက ထရမ့်ရဲ့ဘဝဇာတ်ကြောင်းနဲ့ တန်ခိုးဩဇာ သက်ရောက်မှုတွေကို ရှုထောင့်အမျိုးမျိုးကနေ အမိကထား ရေးသားထားတယ်။

mgyoe.com

m g y o e . c o m SAMPLE BOOK

(၁) တန်ခိုးဩဇာ လွှမ်းမိုးသည့် ထောက်တိုင်များ - ဒီအခန်းမှာ ထရမ့်ရဲ့ အစောပိုင်းကာလ၊ မိသားစုနောက်ခံနဲ့ အိမ်ခြံမြေ စီးပွားရေးလောကထဲ ပထမဆုံး ခြေလှမ်းတွေအကြောင်း ဖော်ပြထားပါတယ်။ စရိုက်လက္ခဏာနဲ့ ရည်မှန်းချက်တွေအပေါ် လွှမ်းမိုးခဲ့တဲ့မူတွေနဲ့ အတွေ့အကြုံတွေ အကြောင်း ကို လေ့လာရပါမယ်။

(၂) ပုံရိပ် တည်ဆောက်ခြင်း - စီးပွားရေးလုပ်ငန်းရှင်နဲ့ ထင်ရှားကျော်သူ တစ်ဦးအဖြစ် ထရမ့်တာဝါတည်ဆောက်ခြင်းကနေ The Apprentice ဆိုတဲ့ အမေ ရိကန် တီဗွီအစီအစဉ်မှာ လူသိများလာတဲ့အထိ ထရမ့်ရဲ့ အောင်မြင်မှုကို လေ့လာ ကြပါမယ်။ ဒီအပိုင်းက လုပ်ငန်းနယ်ပယ်တွေမှာ သာမန်ထက် ထူးခြားတဲ့ သူ့ရဲ့ ကိုယ်ပိုင်ပုံရိပ် တည်ဆောက်နိုင်စွမ်းရည်ကို အဓိက ဖော်ပြပါတယ်။

(၃) နိုင်ငံရေးခရီးစဉ် - ဒီအပိုင်းမှာ ထရမ့်ရဲ့ နိုင်ငံရေးလောကထဲ ဝင်ရောက် လာပုံ၊ သူ့ရဲ့ အမြင်ဆန်းသစ်တဲ့ ၂၀၁၆ ခုနှစ် စည်းရုံးလှုံ့ဆော်မှုနဲ့ သမ္မတ သက်တမ်းအကြောင်းတွေ ပါဝင်ပါတယ်။ သူ့ရဲ့ မူဝါဒတွေ၊ ခေါင်းဆောင်မှု ပုံစံနဲ့ သူ့လက်ထက်မှာ အဓိကကျတဲ့ အချိန်ကာလတွေကို အသေးစိတ် စိစစ်တွေ့ရှိချက်တွေကို တင်ပြထားတယ်။

(၄) သမ္မတသက်တမ်းကုန်ဆုံးပြီးနောက် - ဒီအပိုင်းမှာ အိမ်ဖြူတော်ကနေ ထွက်သွားပြီးနောက် ထရမ့်ရဲ့ လှုပ်ရှားမှုတွေနဲ့ ဩဇာလွှမ်းမိုးမှုအကြောင်း လေ့လာ ထားပါတယ်။ သူ့ရဲ့ နိုင်ငံရေးဆက်လက်လှုပ်ရှားမှုတွေကနေ စီးပွားရေးလုပ်ငန်းတွေအထိ အမျိုးသားရေး စကားဝိုင်းကို ဘယ်လို ဆက်ပြီး ပုံဖော်နေသလဲဆိုတာတွေ ဆွေးနွေးထားပါတယ်။

(၅) ထရမ့်၏ ဩဇာလွှမ်းမိုးမှုကို စူးစမ်းလေ့လာခြင်း - နောက်ဆုံးအပိုင်းမှာ တော့ ထရမ့်ရဲ့ ဩဇာလွှမ်းမိုးမှုနဲ့ နောက်မျိုးဆက်တွေအပေါ် ရိုက်ခတ် မှုတွေအကြောင်း လေ့လာထားပါတယ်။ သူ့ဇာတ်ကြောင်းကနေ ရရှိနိုင် တဲ့ သင်ခန်းစာတွေနဲ့ သူ့ခေါင်းဆောင်မှုရဲ့ ကာလရှည်ကြာ သက်ရောက်မှု တွေကို စိစစ်လေ့လာထားတယ်။

❑

## စာဖတ်သူများကို ဖိတ်-ခေါ်ခြင်း

ဒီစာအုပ်က ထရမ့်ဇာတ်ကြောင်းကိုပဲ ပြောပြနေမှာမဟုတ်ပါဘူး။ စာဖတ်

mgyoe.com

mgyoe.com

သူတွေရဲ့ သဘောထားအမြင်တွေကို ဆွေးနွေးဖို့လည်း ပါပါတယ်။ ဒီလေ့လာတွေ့ ရှိချက်ရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ ထရမ့်ရဲ့ ဇာတ်ကြောင်းမှာ စာဖတ်သူရဲ့အကြောင်းကိုပါ တွေးတောရင်း ထရမ့်ရဲ့ ဇာတ်ကြောင်းနဲ့ ဆက်စပ်ပြီး စာဖတ်သူရဲ့ အမြင်၊ သုံးသပ်ချက်နဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေကို မျှဝေဖို့ ဖိတ်ခေါ်ပါတယ်။ ထရမ့်ရဲ့ ဇာတ်ကြောင်းက စာဖတ်သူအပေါ် ဘယ်လို သက်ရောက်မှု ရှိစေသလဲ။ သူ့ရဲ့ အောင်မြင်မှုနဲ့ ကျရှုံးမှုတွေကနေ စာဖတ်သူအနေနဲ့ ဘာသင်ခန်းစာတွေ ရနိုင်သလဲ။ ထရမ့်ရဲ့ ဇာတ်ကြောင်းကနေ စာဖတ်သူတွေရဲ့ ကိုယ်ပိုင်မူတွေ၊ ယုံကြည်မှုတွေနဲ့ အိပ်မက်တွေကို သုံးသပ်ကြည့်ဖို့ တိုက်တွန်းပါတယ်။

စာဖတ်သူအနေနဲ့ ဒေါ်နယ်လ် ထရမ့်ကို သဘောကျသည်ဖြစ်စေ မကျသည်ဖြစ်စေ သူ့ရဲ့ ဇာတ်ကြောင်းကတော့ ခေါင်းဆောင်မှုရဲ့ အရှုပ်အထွေးတွေ၊ ဌွဲလုံ့လရဲ့ အစွမ်းသတ္တိနဲ့ ကမ္ဘာပေါ်က လူတစ်ဦးချင်းစီအပေါ် လွှမ်းမိုးမှု အစရှိတာတွေအပေါ်မှာ တန်ဖိုးရှိတဲ့ အသိအမြင်တွေ ပေးနိုင်ပါတယ်။ ဒီစာအုပ်ကို ဖတ်နေစဉ်မှာ သိချင်စိတ်၊ သဘောထားကြီးစိတ်ထားပြီး ဖတ်ဖို့ တိုက်တွန်းပါတယ်။ မျက်မှောက်ခေတ်ရဲ့ ဆွဲဆောင်မှုအရှိဆုံး ပုဂ္ဂိုလ်တစ်ဦးရဲ့ အဖက်ဖက် ထောင့်ပေါင်းစုံကို လေ့လာနိုင်ဖို့ အဆင်သင့်ပြင်ထားလိုက်ပါတော့။

Trump: I Want to Hear Your Story က ကြိုဆိုပါတယ်။ စကြပါစို့။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း | ၁

# တန်ခိုးကြီးဇာ လွှမ်းမိုးသည့် ထောက်တိုင်များ

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁) ထရမ့်မိသားစု၏ အတိတ်သမိုင်း

ဒေါ်နယ်လ် ထရမ့် ဘဝနဲ့ အောင်မြင်မှုတွေက ဖခင်ဖြစ်သူ ဖရက်ဒ် ထရမ့် ချမှတ်ခဲ့တဲ့ မူဘောင်တွေအပေါ်မှာ အဓိကအားဖြင့် အခြေပြုတယ်။ နယူးယောက်ပြည်နယ်၊ ဘရွန့်စ်ရင်စုမှာ ၁၉၀၅ ခုနှစ်က မွေးဖွားခဲ့တဲ့ ဖရက်ဒ် ထရမ့်ဟာ ရည်မှန်းချက်ကြီးပြီး အောင်မြင်မှုရဖို့ မဆုတ်မနစ် ကြိုးစားတဲ့ စိတ်ဓာတ်ကြံ့ခိုင်သူတစ်ယောက် ဖြစ်တယ်။ နယူးယောက်မြို့က အလုပ်သမားလူတန်းစား မိသားစုတွေအတွက် တန်ဖိုးသင့်အိမ်ရာ တည်ဆောက်ပေးဖို့ စိတ်ကူးနဲ့ ၁၉၃၀ ပြည့်နှစ်တွေအတွင်းမှာ ဖရက်ဒ်က ထရမ့်အဖွဲ့အစည်း (Trump Organization) ကို ထူထောင်လိုက်တယ်။ အဲဒီကာလအတွင်း သူ့ရဲ့ အားထုတ်ကြိုးပမ်းမှုတွေကြောင့် အိမ်ခြံမြေလုပ်ငန်း မဟာအင်ပါယာတစ်ခု ဖြစ်လာမယ့် အုတ်မြစ်ကို တည်ဆောက်နိုင်ခဲ့တယ်။

ဖရက်ဒ် ထရမ့်ရဲ့ စီးပွားရေး အမြင်ထက်မြက်မှုကြောင့် ဆယ်စုနှစ်တွေအကြာမှာ လုပ်ငန်းတွေ အများအပြား တိုးချဲ့နိုင်ခဲ့တယ်။ ဘရွတ်ကလင်း၊ ကွင်းစ်နဲ့ စတေးတန်းကျွန်း စီရင်စုအနှံ့မှာ အိမ်ရာအဆောက်အအုံ ထောင်ချီ တည်ဆောက်တယ်။ သူ့ရဲ့ စီမံကိန်းများစွာထဲက အရေးပါတဲ့ စီမံကိန်းကတော့ မိသားစုများစွာအတွက် တန်ဖိုးသင့်အိမ်ရာကို ပေးနိုင်ခဲ့တဲ့ ဟေဗန်ကမ်းစပ် တိုက်ခန်းတွေနဲ့ ဟေဗန်ကမ်းခြေ တိုက်ခန်းတွေပါ။ ဒီတည်ဆောက်ရေး စီမံကိန်းတွေက အဲဒီအချိန်

mgyoe.com

mgyoe.com SAMPLE BOOK

အခါရဲ့ အိမ်ရာလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့အပြင် လူနေအိမ်ရာစီမံကိန်းတွေကို အကောင်အထည်ဖော်ရာမှာ ဖရက်ဒ်ရဲ့ ထူးခြားတဲ့ စွမ်းရည်ကိုလည်း ပြသနိုင်ခဲ့တယ်။ ငွေကြေးခိုင်မာမှုကနေ ဆောက်လုပ်ရေးစီမံကိန်းကို ကြီးကြပ်တာတွေအထိ ရှုပ်ထွေးတဲ့ အိမ်ခြံမြေလောက ဖွံ့ဖြိုးတိုးတက်ရေးကို လမ်းကြောင်းပြနိုင်စွမ်းရည်က ထရမ့်မိသားစုရဲ့ တောင့်တင်းခိုင်မာတဲ့ ချမ်းသာကြွယ်ဝမှုနဲ့ ဩဇာလွှမ်းမိုးမှုကို တည်ဆောက်ရာမှာ အဓိကသော့ချက် ဖြစ်တယ်။

ဒါပေမဲ့ ဖရက်ဒ် ထရမ့်ရဲ့ မူဘောင်က အုတ်တွေ၊ အင်္ဂတေတွေလို ရုပ်ဝတ္ထုတည်ဆောက်ရေးပစ္စည်းတွေထက် သာလွန်တယ်။ သူ့ရဲ့ အလုပ်အပေါ် အလေးထားမှု၊ စည်းကမ်းလိုက်နာမှုနဲ့ စီးပွားရေးမှာ တွက်ချက်စွန့်စားမှုတွေရဲ့ အရေးပါမှုကို ဦးစားပေးတဲ့ စံတန်ဖိုးတွေက သားသမီးတွေဆီမှာ ခိုင်မာတဲ့ စံတန်ဖိုးတွေအဖြစ် လက်ဆင့်ကမ်းပေးနိုင်ခဲ့တယ်။ ဒီအခြေခံမူတွေက ဒေါ်နယ်လ် ထရမ့်ဆီမှာ ငယ်စဉ်ကတည်းက နက်ရှိုင်းစွာ အမြစ်တွယ်လာတယ်။ သားသမီးငါးယောက်ထဲမှာ စတုတ္ထမြောက်အနေနဲ့ ထရမ့်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေနဲ့ စီးပွားရေးလုပ်ငန်းအစည်းအဝေးတွေဆီ ဖခင်နဲ့အတူ မကြာခဏ အဖော်အဖြစ် လိုက်ပါသွားတယ်။ ဖရက်ဒ်ရဲ့ စီမံကိန်းကြီးကြပ်ပုံတွေနဲ့ စီးပွားရေး စေ့စပ်ညှိနှိုင်းပုံတွေကို မြင်တွေ့နေရတာက လူငယ်လေး ဒေါ်နယ်လ်အပေါ်မှာ ကြီးမားတဲ့ လွှမ်းမိုးမှုတွေ ထင်ကျန်ရစ်စေတယ်။ ဖခင်ရဲ့ အသေးစိတ်အထိ စေ့စေ့စပ်စပ် အာရုံစိုက် လုပ်ဆောင်မှုတွေ၊ အလျှော့မပေးတတ်တဲ့ စိတ်ဓာတ်ခွန်အားနဲ့ စီးပွားရေးလုပ်ငန်းအပေါ်မှာ သူ့ရဲ့ ကိုယ်ပိုင်နည်းစနစ်ကို လွှမ်းမိုးတတ်တဲ့ အရည်အချင်းတွေကို မြင်တွေ့ရတယ်။

စိတ်ကူးသက်သက် အကြံအစည်တွေကို လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အောင်မြင်မှုတွေအဖြစ် ပြောင်းလဲနိုင်တဲ့ ဖခင်ရဲ့ စွမ်းဆောင်ရည်ကို ဒေါ်နယ်လ်က လေးစားအားကျတယ်။ ဖခင်ရဲ့ အလုပ်အပေါ် ထားရှိတဲ့ ကျင့်ဝတ်သိက္ခာနဲ့ စီးပွားရေးအမြင် ထက်မြက်မှုအပေါ် အဲဒီလေးစားအားကျစိတ်က ဒေါ်နယ်လ်ရဲ့ ငယ်ဘဝအချိန်တွေကို အများကြီး ပုံသွင်းပေးတယ်။ ဖရက်ဒ် ထရမ့်ရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို နာရီပေါင်း မရေအတွက်နိုင်အောင် ကြည့်ရှုလေ့လာခဲ့မှုတွေက အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အရှုပ်အထွေးတွေမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ပညာတွေကို ဒေါ်နယ်လ် ရလိုက်တယ်။ ငယ်ရွယ်စဉ်က ရခဲ့တဲ့ အတွေ့အကြုံတွေက သူ့ရဲ့ ရည်မှန်းချက်ကို ပျိုးထောင်နိုင်ခဲ့ပြီး အသက်မွေးလမ်းကြောင်းဆီ လမ်းပြပေးနိုင်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖခင်ဆီက သင်ယူခဲ့တဲ့ အရေးကြီးတဲ့ သင်ခန်းစာတစ်ခုကတော့ ပုံရိပ်တည်ဆောက်ခြင်းနဲ့ နာမည်ဂုဏ်သတင်းက ဘယ်လောက် အရေးပါသလဲဆိုတာပါပဲ။ လူတွေရဲ့ ထင်မြင်ချက်သဘောထားတွေက ထုတ်ကုန်ပစ္စည်းတစ်ခုလိုပဲ အရေးကြီးတဲ့ အရာဆိုတာကို ဖရက်ဒ် ထရမ့်က နားလည်တယ်။ ပုံရိပ်ကောင်းတစ်ခု၊ ခိုင်မာတဲ့ နာမည်ဂုဏ်သတင်းတစ်ခုကို တည်မြဲစေခြင်းကလည်း ရေရှည်အောင်မြင်မှုအတွက် အဓိက အခြေခံကျတယ်လို့ ယုံကြည်တယ်။ ဒေါ်နယ်လ် ထရမ့်က နောက်ပိုင်း သူ့အလုပ်မှာ ဒီသဘောထားကို ထည့်သွင်းပုံဖော်တယ်။ ပုံရိပ်တည်ဆောက်တာက သူ့စီးပွားလုပ်ငန်းတွေမှာ အဓိကကျတဲ့ အခန်းကဏ္ဍအဖြစ် ပါဝင်လာတယ်။ ဖရက်ဒ်က နာမည်ဂုဏ်သတင်းနဲ့ ပုံရိပ်အပေါ်မှာ အဓိက အလေးထားတဲ့အတွက်ကြောင့် ထရမ့်ဆိုတဲ့ နာမည်က ကြွယ်ဝချမ်းသာမှု၊ အောင်မြင်မှုနဲ့ ရည်မှန်းချက်တွေရဲ့ အမှတ်သင်္ကေတ ဖြစ်လာတယ်။

ထရမ့်မိသားစုမှာ ကြီးပြင်းလာရတာက ရည်မှန်းချက်နဲ့ အကောင်းဆုံးဖြစ်ဖို့ စဉ်ဆက်မပြတ် တွန်းအားပေးမှုတွေ ခြံရံနေတယ်လို့ အဓိပ္ပာယ်သက်ရောက်တာပါပဲ။ ဖရက်ဒ် ထရမ့်ရဲ့ အောင်မြင်မှုက အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းမယ်ဆိုတဲ့ စံနှုန်းတစ်ခုကို တည်ဆောက်နိုင်ခဲ့တာပါ။ ဒီတည်ဆောက်မှုက ဒေါ်နယ်လ်ရဲ့ ယှဉ်ပြိုင်မှု စိတ်ဓာတ်နဲ့ သူ့ပတ်ဝန်းကျင်က လူတွေထက် သာလွန်လိုတဲ့ စိတ်ဆန္ဒကို မြေတောင်မြှောက်ပေးလိုက်တယ်။ ဖခင်က ပေးလိုက်တဲ့ တန်ဖိုးထားတဲ့ မူတွေနဲ့ လုပ်ငန်းစေ့စပ်ညှိနှိုင်းမှုတွေကို လေ့လာမှတ်သားရရှိခဲ့တဲ့ သင်ခန်းစာတွေက စွန့်စားမှု မြင့်မားတဲ့ အိမ်ခြံမြေ စီးပွားရေးလောကမှာ ဒေါ်နယ်လ် ထရမ့်ရဲ့ အနာဂတ် ကြိုးပမ်းအားထုတ်မှုတွေအတွက် ခိုင်မာတဲ့အုတ်မြစ် တည်ဆောက်ခဲ့တယ်။

အကျဉ်းချုပ်ဆိုရသော် ဖခင်ဖြစ်သူ ဖရက်ဒ် ထရမ့် ချမှတ်ခဲ့တဲ့ မူဘောင်တွေကို မသိရှိဘဲ ဒေါ်နယ်လ် ထရမ့်ရဲ့ ဇာတ်ကြောင်းကို အပြည့်အဝ နားလည်နိုင်မှာ မဟုတ်ပါဘူး။ အိမ်ခြံမြေလုပ်ငန်းမှာ ဖရက်ဒ်ရဲ့ အောင်မြင်မှု၊ တန်ဖိုးထားတဲ့ မူတွေနဲ့ ပုံရိပ်တည်ဆောက်မှုအပေါ် သူ့ရဲ့ နားလည်မှုတွေက ဒေါ်နယ်လ်ရဲ့ စီးပွားရေးလုပ်ငန်းအပေါ် ချဉ်းကပ်မှုကို ပုံဖော်ရာမှာ အဓိကကျတယ်။ ရည်မှန်းချက်၊ အလုပ်ကြိုးစားမှုနဲ့ ဗျူဟာမြောက် စွန့်စားမှုရယူခြင်းဆိုတဲ့ ထရမ့်မိသားစုရဲ့ အမွေအနှစ်ကို ဖခင်ကနေ သားဆီ လက်ဆင့်ကမ်းပေးခဲ့ပြီး အိမ်ခြံမြေလောကနဲ့ နောက်ထပ် လုပ်ငန်းနယ်ပယ်တွေမှာ ဒေါ်နယ်လ် ထရမ့်ရဲ့ ထင်ပေါ်ကျော်ကြားမှု လမ်းကြောင်းကို ဖောက်လုပ်ပေးလိုက်တယ်။ ဖရက်ဒ် ထရမ့်ရဲ့ အတွေ့အကြုံတွေနဲ့ သင်ကြားပြသ

mgyoe.com

mgyoe.com SAMPLE BOOK

မှုတွေ နက်ရှိုင်းစွာ စွဲခိုင်နေတဲ့ ထရမ့်မိသားစုရဲ့ အတိတ်သမိုင်းက အမေရိကန် ပြည်ထောင်စု အနာဂတ်သမ္မတအတွက် အရေးကြီးတဲ့ မူဘောင်တစ်ရပ်ကို သတ်မှတ်ပေးလိုက်တယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂) လူငယ်လေး ထရမ့်

ဒေါ်နယ်လ် ဂျွန် ထရမ့်ကို နယူးယောက်ပြည်နယ် ကွင်းစ်စီရင်စုမှာ ဇွန်လ ၁၄ ရက် ၁၉၄၆ ခုနှစ်မှာ မွေးဖွားခဲ့တယ်။ ယုံကြည်ချက်၊ ယှဉ်ပြိုင်နိုင်မှုနဲ့ ထင်ပေါ်လိုစိတ် အစရှိတဲ့ သူ့ရဲ့ ပင်ကိုအရည်အသွေးနဲ့ အားထုတ်ကြိုးပမ်းမှုတွေလို့ သတ်မှတ်နိုင်မယ့် ကိုယ်ရည်ကိုယ်သွေးတွေကို သူငယ်စဉ်အချိန်ကတည်းက ဖော်ပြခဲ့တယ်။ သူ့ရဲ့ လှုပ်ရှားတက်ကြွပြီး ယုံကြည်မှုရှိလွန်းတဲ့ ကိုယ်ရည်ကိုယ်သွေးက တစ်ခါတလေ စည်းကမ်းပိုင်းဆိုင်ရာမှာ အခက်အခဲပြဿနာတွေ ဖြစ်ပေါ်တတ်ပေမဲ့ ဒီအရည်အသွေးတွေကပဲ အောင်မြင်မှုဆီ တွန်းပို့ပေးပြီး ကမ္ဘာမှာ နာမည်တစ်ခု ထင်ကျန်ရစ်စေတယ်။

ကွင်းစ်စီရင်စု၊ ဂျမီကာ အိမ်ရာရဲ့ ချမ်းသာကြွယ်ဝတဲ့ ဝန်းကျင်ဒေသမှာ ကြီးပြင်းလာရတဲ့ ဒေါ်နယ်လ်က ထရမ့်မိသားစုရဲ့ သားသမီး ငါးဦးမှာ စတုတ္ထမြောက်သား ဖြစ်တယ်။ ဖခင် ဖရက်ဒ် ထရမ့်က အောင်မြင်တဲ့ အိမ်ခြံမြေလုပ်ငန်း ဆောင်ရွက်သူတစ်ဦးဖြစ်ပြီး မိခင် မေရီအန်း မက်ကလောက် ထရမ့်က စကော့တလန်သူ အိမ်ရှင်မဖြစ်တယ်။ မိခင်က နေအိမ်အတွင်း မိသားစုရဲ့ အလေးပေးမှုနဲ့ အစဉ်အလာတွေကို သင်ကြားပြသပေးတယ်။ ဒေါ်နယ်လ်ရဲ့ ငယ်ဘဝက အထူးအခွင့်အရေးတွေ ရသလို စည်းကမ်းတင်းကျပ်စွာနဲ့လည်း ကြီးပြင်းလာရတာပါ။ သူ့မိဘတွေက အလုပ်ကြိုးစားမှု၊ စည်းကမ်းနဲ့ ရည်မှန်းချက်တွေကို တန်ဖိုးထား

mgyoe.com

အလေးပေးသူတွေ ဖြစ်တယ်။

အပူအပင်မရှိ ကြီးပြင်းလာရပေမဲ့ ဒေါ်နယ်လ်ရဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းတတ်တဲ့ သဘာဝကြောင့် အခက်အခဲတွေ မကြာခဏ တွေ့ကြုံရတယ်။ သူ့ရဲ့ အကန့်အသတ်မရှိ အကျိုးဖြစ်ထွန်းတဲ့ အားထုတ်မှုလှုံ့လကို လမ်းကြောင်းဖော်ပေးဖို့ လိုအပ်နေတာကို သတိပြုမိတဲ့ မိဘတွေက အသက် ၁၃ နှစ်မှာ နယူးယောက်စစ်တက္ကသိုလ် (NYMA) မှာ စာရင်းသွင်းဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီဆုံးဖြတ်ကြောင့် သူ့ဘဝမှာ ထင်မှတ်မထားတဲ့ အလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်လာရတယ်။

စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားပြီး စည်းကမ်းတင်းကျပ်တဲ့ စစ်တက္ကသိုလ်မှာ ထရမ့်တစ်ယောက် ထွန်းပေါက်လာတယ်။ စစ်တက္ကသိုလ်ရဲ့ ကြပ်မတ်တဲ့ နေ့စဉ်အလုပ်တွေနဲ့ တင်းကျပ်တဲ့ ကျင့်ဝတ်စည်းမျဉ်းတွေက သူ့ရဲ့ယုံကြည်မှု အရည်အသွေးအတွက် အကောင်းဆုံး အခြေခံအဆောက်အအုံတစ်ခု ဖြစ်စေခဲ့တယ်။ ပညာရေးပိုင်းမှာရော အားကစားပိုင်းမှာပါ ထူးချွန်တဲ့သူက ဘတ်စကတ်ဘောအသင်းရဲ့ အသင်းခေါင်းဆောင် ဖြစ်လာတယ်။ ခေါင်းဆောင်မှုစွမ်းရည်နဲ့ ယှဉ်ပြိုင်မှုစိတ်ဓာတ်ကို ဒီအောင်မြင်မှုကနေ ဖော်ပြနေတယ်။ ခိုင်မာတဲ့ စည်းကမ်းလိုက်နာစိတ်၊ ပန်းတိုင်ချမှတ်ခြင်းနဲ့ အောင်မြင်အောင် ဆောင်ရွက်ရေးရဲ့ အရေးပါမှုတွေကို တက္ကသိုလ်က သင်ကြားပေးခဲ့တယ်။

တက္ကသိုလ်ဝန်းကျင်ကလည်း ထရမ့်ရဲ့ ပင်ကိုခေါင်းဆောင်မှု အရည်အသွေးတွေ ပေါ်ထွက်လာအောင် မြှင့်တင်ပေးတယ်။ တခြားသူတွေကို စိတ်ဓာတ်ခွန်အားပေးတဲ့ အလေ့အကျင့်တွေကို ပြသပြီး စံနမူနာပြ ဦးဆောင်ရင်း အဖွဲ့လိုက်လှုပ်ရှားမှုတွေမှာ မကြာခဏ ဦးဆောင်ရတယ်။ ငယ်ရွယ်စဉ် ခေါင်းဆောင်မှုနဲ့ အသင်းအဖွဲ့စိတ်ဓာတ် အတွေ့အကြုံတွေက စီးပွားရေးနယ်ပယ်တွေနဲ့ အခြားနယ်ပယ်တွေမှာ သူ့ရဲ့အနာဂတ်လမ်းကြောင်းကို ပုံဖော်ရာမှာ အဓိကကျတဲ့ အချက်တွေ ဖြစ်လာခဲ့တယ်။

စစ်တက္ကသိုလ်ကနေ ဘွဲ့ရပြီးနောက်မှာ ထရမ့်ဟာ ဘရွန့်စ်ရင်စုက ဖို့ဒ်ဟမ်တက္ကသိုလ်မှာ ပညာဆက်လက်သင်ကြားတယ်။ ဒါပေမဲ့ နှစ်နှစ်ကြာတဲ့အခါ နိုင်ငံရဲ့ ဂုဏ်သတင်းကြီးမားတဲ့ စီးပွားရေးကျောင်းတစ်ကျောင်းဖြစ်တဲ့ ပင်ဆယ်ဗေးနီးယား တက္ကသိုလ်မှာရှိတဲ့ ဝှာတန်ကျောင်းကို ပြောင်းရွှေ့လိုက်တယ်။ ဒီလိုပြောင်းရွှေ့လိုက်ရတဲ့ အကြောင်းရင်းက ဘဏ္ဍာရေး၊ စီးပွားရေးနဲ့ အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးမှာ အသေးစိတ် လေ့လာလိုတဲ့ စိတ်ဆန္ဒကနေ အရင်းတည်လာခဲ့တယ်။

ဗိုတန်ကျောင်းက ခက်ခဲတဲ့ စီးပွားရေးသင်ရိုးက ထရမ့်ရဲ့ ရည်မှန်းချက်နဲ့ ကိုက်ညီတဲ့အတွက် ယှဉ်ပြိုင်မှု ပြင်းထန်တဲ့ အိမ်ခြံမြေလောကမှာ အောင်မြင်ဖို့အတွက် လိုအပ်တဲ့ သီအိုရီပိုင်းဆိုင်ရာ အသိပညာရော လက်တွေ့ကျတဲ့ စွမ်းရည်တွေကိုပါ သူ့ကို ပေးနိုင်တယ်။

ဗိုတန်ကျောင်းမှာ ပညာသင်နေချိန်တွေမှာ ဘဏ္ဍာရေးနဲ့ အိမ်ခြံမြေနယ်ပယ်တွေကို အခိုင်အမာ သိရှိနားလည်အောင် ကြိုးပမ်းခဲ့ပြီး လုပ်ငန်းနယ်ပယ်ရဲ့ အကွေ့အကောက်တွေမှာ စိတ်ဝင်စားမှု ပိုမြင့်မားလာတယ်။ စီးပွားရေး အခြေခံမှုတွေနဲ့ အိမ်ခြံမြေဈေးကွက်ရဲ့ အရှေ့တွေကို သင်ယူလေ့လာရင်းက နောက်ပိုင်းသူ့ရဲ့ အသက်မွေးအလုပ်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေးအမြင်တွေ ရလာတယ်။ ၁၉၆၈ ခုနှစ်မှာ စီးပွားရေးနဲ့ ဘွဲ့ရပြီး ထရမ့်က မိသားစုစီးပွားရေးမှာ ပါဝင်လုပ်ကိုင်ပြီး လုပ်ငန်းနယ်ပယ်မှာ သူ့အတွက် နေရာတစ်ခု ရအောင်လုပ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါပေမဲ့ သူ့ရဲ့ တိုးတက်လာမှုမှာ လွှမ်းမိုးမှုအရှိဆုံးသူအဖြစ် ဖခင်ဖြစ်သူ ဖရက်ဒ် ထရမ့်ရဲ့ လက်တွေ့ကျတဲ့ အတွေ့အကြုံတွေနဲ့ လေ့လာသင်ယူမှုတွေကို ဒေါ်နယ်လ်က မကြာခဏ ဂုဏ်ပြုပြောဆိုခဲ့တယ်။ ငယ်စဉ်ကတည်းက မြင့်မားစွာ တွေးခေါ်နိုင်စွမ်းရည်ရှိပြီး တခြားသူတွေ သတိမပြုမိတဲ့ အခွင့်အလမ်းတွေကို မြင်နိုင်စွမ်းသူပါ။ ဒီအရည်အချင်းတွေနဲ့အတူ မိသားစုကနေ ရရှိလာတဲ့ အမွေအနှစ်တွေ၊ လမ်းညွှန်မှုတွေ ပေါင်းစပ်လိုက်တဲ့အခါ ယှဉ်ပြိုင်မှုမြင့်မားတဲ့ အိမ်ခြံမြေလောကမှာ အောင်မြင်မှုရလာတယ်။

နည်းလမ်းအမျိုးမျိုးနဲ့ ဒေါ်နယ်လ်အပေါ် ဖရက်ဒ် ထရမ့်ရဲ့ လွှမ်းမိုးမှုက ကြီးမားတယ်။ ဖရက်ဒ်ရဲ့ အသေးစိတ်အထိ စေ့စေ့စပ်စပ် အာရုံစိုက် လုပ်ဆောင်မှုတွေနဲ့ အလျှော့မပေးတတ်တဲ့ စိတ်ဓာတ်ခွန်အား အရည်အသွေးတွေကို ဒေါ်နယ်လ်က လေးစားအားကျပြီး အတုယူနိုင်အောင် ကြိုးစားတယ်။ ဖခင်ဖြစ်သူရဲ့ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွေနဲ့ စီးပွားရေးလုပ်ငန်း အစည်းအဝေးတွေဆီ မကြာခဏ အဖော်အဖြစ် လိုက်ပါသွားတတ်ပြီး စီမံကိန်းစီမံခန့်ခွဲမှုနဲ့ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အချက်အလက်တွေကို သင်ယူလေ့လာတယ်။ ငယ်ရွယ်ချိန်မှာ ရခဲ့တဲ့ အတွေ့အကြုံတွေက လုပ်ငန်းနယ်ပယ်အပေါ်မှာ လက်တွေ့ကျကျ သိရှိနားလည်စေခဲ့ပြီး တည်ဆောက်ရေးနဲ့ အိမ်ရာအဆောက်အအုံ စီမံခန့်ခွဲရေးရဲ့ စိန်ခေါ်မှုအခက်အခဲတွေကို နားလည် သဘောပေါက်စေခဲ့တယ်။

ဖရက်ဒ် ထရမ့်က အလုပ်ကြိုးစားမှု၊ စည်းကမ်းလိုက်နာမှုနဲ့ စီးပွားရေးမှာ

mgyoe.com

mgyoe.com

တွက်ချက်စွန့်စားမှုတွေရဲ့ အရေးပါမှုကိုလည်း အလေးထားတယ်။ ဒီအခြေခံမှုတွေက ဒေါ်နယ်လ်ဆီမှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်သွားခဲ့ပြီး စီးပွားရေးလုပ်ငန်းအပေါ် ချဉ်းကပ်ရာမှာ အခြေခံအုတ်မြစ် ဖြစ်လာတယ်။ အိမ်ခြံမြေလုပ်ငန်းမှာ အောင်မြင်မှု ရဖို့အတွက် ဘဏ္ဍာရေးပိုင်းမှာ အမြင်ထက်မြတ်မှုသာမက ဗျူဟာမြောက် အတွေး အခေါ်နဲ့ လုံ့လဝီရိယလည်း လိုအပ်တယ်ဆိုတာကို ဖရက်ဒ်က ယူဆတယ်။ ဒီအယူ အဆက နောက်ပိုင်းမှာ ဒေါ်နယ်လ် ထရမ့် အလုပ်ရဲ့ အဓိကကျတဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်လာခဲ့တယ်။

ဖခင်ဆီက ဒေါ်နယ်လ် ရရှိခဲ့တဲ့ အရေးကြီးတဲ့ သင်ခန်းစာတစ်ခုကတော့ ပုံရိပ်တည်ဆောက်ခြင်းနဲ့ နာမည်ဂုဏ်သတင်းက ဘယ်လောက် အရေးပါသလဲ ဆိုတာပါပဲ။ ပုံရိပ်ကောင်းတစ်ခု၊ ခိုင်မာတဲ့ နာမည်ဂုဏ်သတင်းတစ်ခုကို တည်မြဲစေ ခြင်းကလည်း ရေရှည်အောင်မြင်မှုအတွက် အဓိက အခြေခံကျတယ်လို့ ဖရက်ဒ် ထရမ့်က ယုံကြည်တယ်။ လူတွေရဲ့ ထင်မြင်ချက်သဘောထားတွေက ထုတ်ကုန် ပစ္စည်းတစ်ခုလိုပဲ အရေးကြီးတဲ့အရာပဲဆိုတာ ဒေါ်နယ်လ်ကို သင်ကြားပေးတယ်။ ဒေါ်နယ်လ်ရဲ့ စီးပွားရေးလုပ်ငန်းနဲ့ ပုံရိပ်တည်ဆောက်တဲ့ လမ်းကြောင်းမှာ ဒီသင် ခန်းစာက အရေးပါခဲ့တယ်။ သူ့ရဲ့ နာမည်က ကြွယ်ဝချမ်းသာမှု၊ အောင်မြင်မှုနဲ့ ရည်မှန်းချက်တွေရဲ့ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ ဩဇာကြီးမားတဲ့ ပုံရိပ် တစ်ခု ဖြစ်လာနိုင်တယ်ဆိုတာ သဘောပေါက်လာတယ်။

ဒေါ်နယ်လ်ရဲ့ ရည်မှန်းချက်နဲ့ လိုအင်ဆန္ဒက ဝှာတန်ကျောင်းမှာ တက် ရောက်နေချိန် သိသာပေါ်လွင်လာတယ်။ ဖခင်ရဲ့ အောင်မြင်မှုတွေအပေါ် အားကိုး အားထားမပြုဘဲ စီးပွားရေးလောကမှာ သူ့ကိုယ်ပိုင်လမ်းကြောင်းနဲ့ သူ့နာမည်သူ တည်ဆောက်ဖို့ သန္နိဋ္ဌာန်ချတယ်။ မကြာခင်မှာ ချုပ်ကိုင်နိုင်လာမယ့် လုပ်ငန်းနယ် ပယ် အကြောင်းကို အသေးစိတ် နားလည်အောင် ကြိုးပမ်းအားထုတ်ရင်း ဘဏ္ဍာ ရေး၊ စီးပွားရေးနဲ့ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကထား ဆောင်ရွက် တယ်။ ဝှာတန်ကျောင်းက သင်ယူလေ့လာခဲ့တဲ့ ပညာတွေက ယှဉ်ပြိုင်မှု ပြင်းထန်တဲ့ အိမ်ခြံမြေလောကမှာ အောင်မြင်ဖို့အတွက် လိုအပ်တဲ့ သီအိုရီပိုင်းဆိုင်ရာ အသိ ပညာရော လက်တွေ့ကျတဲ့ စွမ်းရည်တွေကိုပါ သူ့ကို ပံ့ပိုးပေးနိုင်ခဲ့တယ်။

၁၉၆၈ ခုနှစ် ဝှာတန်ကျောင်းကနေ ဘွဲ့ရပြီးနောက်ပိုင်းမှာ ဒေါ်နယ်လ် ထရမ့်က မိသားစုစီးပွားရေးမှာ ပါဝင်လုပ်ကိုင်ပြီး လုပ်ငန်းနယ်ပယ်မှာ သူ့ကိုယ်ပိုင် နေရာတစ်ခု ရအောင်လုပ်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ မိသားစုစီးပွားရေးကို ချဲ့ထွင်

mgyoe.com SAMPLE BOOK

ဖို့နဲ့ ပိုမြင့်မားတဲ့ နေရာတစ်ခုဆီ တက်လှမ်းဖို့ ရည်ရွယ်ချက်နဲ့ ဝင်ရောက်လာတယ်။ ဖရက်ဒ် ထရမ့်က စီရင်စုပြင်ပမှာ ဝင်ငွေ အလယ်အလတ်တန်းစားရှိတဲ့ အိမ်ရာအဆောက်အအုံ တည်ဆောက်မှုမှာ အဓိကထား ဆောင်ရွက်ခဲ့ပေမဲ့ ဒေါ်နယ်လ်က တော့ မက်ဟန်တန် မိုးမျှော်တိုက် စုဝေးနေရာကို အဆင့်မြင့် ဇိမ်ခံ အိမ်ရာအဆောက်အအုံတွေ တည်ဆောက်ဖို့ မျှော်မှန်းတယ်။

မိသားစုစီးပွားရေးမှာ ဒေါ်နယ်လ် ဝင်ရောက်လာခြင်းက ထရမ့်အဖွဲ့ အစည်းအတွက် စာမျက်နှာအသစ်တစ်ခု အစပြုလိုက်တာပါပဲ။ လူထုစိတ်ဝင်စားမှု မြင့်မားတဲ့ စီမံကိန်းတွေကို အရယူပြီး သတ္တိရှိရှိ စွန့်စားလုပ်ကိုင်ဖို့ ဆုံးဖြတ်တယ်။ ဂရမ်းစင်ထရယ် ဘူတာရုံ (Grand Central Terminal) အနီးက ကော်မက်ဒိုဟိုတယ် (Commodore Hotel) ပြန်လည်တည်ဆောက်ရေးက သူ့ရဲ့ ပထမဆုံး ကြီးမားတဲ့ အောင်မြင်မှုပါပဲ။ ပျက်စီးယိုယွင်းနေခဲ့တဲ့ အဆောက်အအုံကြီးကို ဂရမ်းဟိုက်ဟိုတယ် (Grand Hyatt Hotel) အဖြစ် ၁၉၈၀ ပြည့်နှစ်မှာ အသစ်ပြုပြင် တည်ဆောက်နိုင်ခဲ့တယ်။ အဆောက်အအုံ တည်ဆောက်ရေးမှာ သူ့ရဲ့ ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရည်နဲ့ ခိုင်မာတဲ့ ငွေကြေးထောက်ပံ့မှုကို ပြသနိုင်ခဲ့တဲ့ ဒီစီမံကိန်းက ဒေါ်နယ်လ် ထရမ့်အတွက် အချိုးအကွေ့တစ်ခု ဖြစ်လာခဲ့တယ်။

ဂရမ်းဟိုက်စီမံကိန်းရဲ့ အောင်မြင်မှုက မက်ဟန်တန် အိမ်ရာအဆောက်အအုံမှာ ဒေါ်နယ်လ် ထရမ့်ရဲ့ ဂုဏ်သတင်းကို ထွန်းပေါက်စ ကြယ်တစ်ပွင့်အဖြစ် အခိုင်အမာ စိုက်ထူနိုင်ခဲ့တယ်။ ဒီစီမံကိန်းကြောင့် နောက်ထပ် ပိုကြီးမားခိုင်မာတဲ့ စီမံကိန်းတွေကို အရယူနိုင်ဖို့ ယုံကြည်ချက်တွေ ပိုမိုခိုင်မာလာပြီး သတ္တိရှိ၊ လူရည်လည်တဲ့ လုပ်ငန်းရှင်တစ်ဦးအဖြစ် သူ့ရဲ့ဂုဏ်သတင်းကို ထပ်လောင်း အားဖြည့်စေခဲ့တယ်။ ချမ်းသာကြွယ်ဝမှုနဲ့ အသေးစိတ်အထိ အာရုံစိုက် လုပ်ဆောင်မှုတွေမှာ သူ့ရဲ့ အယူအဆကို လုပ်ငန်းနယ်ပယ်မှာ စံနှုန်းအသစ်တစ်ရပ် ချမှတ်ခဲ့ပြီး နောင်လာမယ့် လုပ်ငန်းတွေရဲ့ ကိုယ်ပိုင်အမှတ်အသားတွေ ဖြစ်လာခဲ့တယ်။

ဒေါ်နယ်လ်ရဲ့ အစောပိုင်း စီးပွားရေးလုပ်ငန်းတွေက အခက်အခဲတွေ မရှိခဲ့တာတော့ မဟုတ်ပါဘူး။ စီမံကိန်း အများအပြားအတွက် ခိုင်မာတဲ့ ငွေကြေးထောက်ပံ့မှုတွေရရှိဖို့ ဆန်းသစ်တဲ့ စိတ်ကူးအကြံဉာဏ်တွေ လိုအပ်ပြီး နယူးယောက်မြို့ရဲ့ ဗျူရိုကရေစီစနစ်ကို ကိုင်တွယ်နိုင်ဖို့အတွက်ကတော့ လုံ့လဝီရိယနဲ့ ကျွမ်းကျင်မှုတွေ လိုအပ်တယ်။ ဒီအတွေ့အကြုံတွေကနေ စွန့်စားမှု စီမံခန့်ခွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုနဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုရဲ့ အရေးပါမှုတွေအကြောင်း တန်ဖိုးရှိတဲ့ သင်ခန်းစာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ရရှိခဲ့တယ်။ ဒီသင်ခန်းစာတွေက သူ့ရဲ့စီးပွားရေးလုပ်ငန်း မဟာဗျူဟာတွေအပေါ် လွှမ်းမိုးသက်ရောက်စေပြီး ကြီးမားတဲ့ ရည်မှန်းချက်နဲ့အတူ ရဲရဲဝံ့ဝံ့ လုပ်ကိုင်ဆောင်ရွက်ဖို့အတွက် သူ့ရဲ့ ယုံကြည်ချက်တွေကို ခိုင်မာစေခဲ့တယ်။

ဒေါ်နယ်လ် ထရမ့်က အိမ်ခြံမြေလောကမှာ သူ့ကိုယ်ပိုင်နေရာတစ်ခု စတင်ထူထောင်နေချိန် တစ်ပြိုင်နက်တည်း သူ့ရဲ့ ကိုယ်ပိုင်ပုံရိပ်ကိုလည်း စတင်ပုံဖော်နေပါပြီ။ သူ့ရဲ့နာမည်က ကြွယ်ဝချမ်းသာမှု၊ အောင်မြင်မှုနဲ့ ရည်မှန်းချက်တွေရဲ့ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ ဩဇာကြီးမားတဲ့ ပုံရိပ်တစ်ခု ဖြစ်လာနိုင်တယ်ဆိုတာ သူ နားလည်တယ်။ ဒီလိုအတွေးအမြင်က နောက်ပိုင်းမှာ အိမ်ခြံမြေလုပ်ငန်းနယ်ပယ်ထက် ကျော်လွန်ချဲ့ထွင်နိုင်ခဲ့တဲ့ 'ထရမ့်' ဆိုတဲ့ ပုံရိပ်ရဲ့ အစပြု မွေးဖွားခြင်း ဖြစ်လာခဲ့တော့တယ်။

အကျဉ်းချုပ်ဆိုရရင် ဒေါ်နယ်လ် ထရမ့်ရဲ့ ငယ်စဉ် နှစ်ကာလတွေမှာ ကျောင်းသင်ပညာရေးနဲ့ လက်တွေ့ အတွေ့အကြုံနှစ်ရပ် ပေါင်းစပ်သင်ယူခဲ့ရတယ်။ စစ်တက္ကသိုလ်နဲ့ ဝှာတန်ကျောင်းက အောင်မြင်ဖို့ လိုအပ်တဲ့ ကျင့်ဝတ်နဲ့ အသိပညာတွေ သင်ကြားပေးလိုက်ပြီး ဖခင် ဖရက်ဒ် ထရမ့်ကို လေ့လာမှုတွေကနေ အလုပ်ကြိုးစားမှု၊ စည်းကမ်းနဲ့ စီးပွားရေးမှာ တွက်ချက်စွန့်စားမှုတွေနဲ့ ပတ်သက်တဲ့ အခြေခံမှုတွေ သင်ယူရရှိခဲ့တယ်။ ဒီလိုပုံသွင်းပေးခံရတဲ့ အတွေ့အကြုံတွေက ဒေါ်နယ်လ် ထရမ့်ရဲ့ နောင်တစ်ချိန် အောင်မြင်မှုအတွက် လမ်းကြောင်းအစပျိုးမှုတွေ ဖြစ်ပြီး အိမ်ခြံမြေလောကနဲ့ နောက်ပိုင်း လုပ်ငန်းနယ်ပယ်တွေမှာ သူ့ရဲ့ အောင်မြင်တိုးတက်မှုအတွက် လမ်းကြောင်းဖောက်လုပ်ခြင်းပဲ ဖြစ်တယ်။ ငယ်စဉ် နှစ်ကာလတွေမှာ သင်ယူလာခဲ့ရတဲ့ တန်ဖိုးထားမှု စံနှုန်းတွေနဲ့ သင်ခန်းစာတွေက သူ့ဘဝတလျှောက်လုံးနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အားထုတ်ကြိုးပမ်းတဲ့အခါ ဆက်လက်လွှမ်းမိုးမှုရှိနေပြီး၊ ရည်မှန်းချက်ကြီးမားပြီး အခိုင်အမာ ဆုံးဖြတ်ရဲသူတစ်ယောက် ဖြစ်လာစေအောင် ပုံသွင်းပေးခဲ့တယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃) အိမ်ခြံမြေလောကတွင် ပထမဆုံး ခြေလှမ်းများ

မိသားစုစီးပွားရေးမှာ ဒေါ်နယ်လ် ထရမ့် ပါဝင်လာခြင်းက ဖရက်ဒ် ထရမ့်ရဲ့ အမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းဖို့နဲ့ လမ်းကြောင်းခွဲထွက်ဖို့ နှစ်မျိုးလုံးနဲ့ သက်ဆိုင်တယ်။ ဖရက်ဒ်က စီရင်စုပြင်ပမှာ ဝင်ငွေ အလယ်အလတ်တန်းစားရှိတဲ့ အိမ်ရာအဆောက်အအုံ တည်ဆောက်မှုမှာ အဓိကထား ဆောင်ရွက်ခဲ့ပေမဲ့ ဒေါ်နယ်လ်ကတော့ မက်ဟန်တန် မိုးမျှော်တိုက် စုဝေးနေရာကို အဆင့်မြင့် ဇိမ်ခံ အိမ်ရာအဆောက်အအုံတွေ တည်ဆောက်ဖို့ မျှော်မှန်းတယ်။ နယူးယောက်မြို့ရဲ့ အထက်တန်းလွှာမှာ သူ့ကို ရှေ့တန်းရောက်အောင် တွန်းပို့ပေးမယ့် လူထုစိတ်ဝင်စားမှု မြင့်မားတဲ့ စီမံကိန်းတွေကို အရယူပြီး သတ္တိရှိရှိ စွန့်စားလုပ်ကိုင်ရင်း ဖခင်ရဲ့ လမ်းကြောင်းကို မလိုက်ဘဲ စီးပွားရေးလောကမှာ သူ့ကိုယ်ပိုင်လမ်းကြောင်းနဲ့ သူ့နာမည်သူ တည်ဆောက်ချင်ခဲ့တယ်။

❑

## မိသားစုစီးပွားရေးအတွင်း ထရမ့်ဝင်ရောက်မှု

၁၉၆၈ ခုနှစ် ပင်ဆယ်ဗေးနီးယား တက္ကသိုလ်မှာရှိတဲ့ ဝှာတန်ကျောင်းက ဘွဲ့ရပြီးနောက်ပိုင်း ဒေါ်နယ်လ် ထရမ့်က သူ့ပုံရိပ်သူ တည်ဆောက်ဖို့ စိတ်အားထက်သန်စွာနဲ့ ထရမ့်အဖွဲ့အစည်းထဲ ပါဝင်လာခဲ့တယ်။ ဖခင်ဆီက ဘဏ္ဍာရေးနဲ့ အိမ်ခြံမြေဆောက်လုပ်ရေး အခြေခံတွေကို သင်ယူခဲ့ရပေမဲ့ သူ့ရဲ့ကြီးမားတဲ့ ရည်မှန်း

mgyoe.com

mgyoe.com

ချက်နဲ့ လိုအင်ဆန္ဒကြောင့် စီးပွားရေးကို ပိုတိုးချဲ့ဆောင်ရွက်ခဲ့တယ်။ ဒေါ်နယ်လ်ရဲ့ ရေရှည်မျှော်မှန်းချက်က တည်ဆောက်ဖို့ တစ်ခုတည်းသာ မဟုတ်ခဲ့ဘူး။ အိမ်ခြံမြေလောကမှာ ခမ်းနားအဆင့်မြင့်မှုဆိုတာ ဘယ်လိုအဓိပ္ပာယ်ဆောင်သလဲဆိုတာကို အသစ်ဆန်းသစ်ပြီး ပြောင်းလဲသတ်မှတ်ဖို့ ဆန္ဒရှိခဲ့တယ်။

မိသားစုစီးပွားရေးမှာ သူ့ရဲ့ ဝင်ရောက်လာမှုက အပြောင်းအလဲ ကာလတစ်ခုကို အစပျိုးလိုက်ခြင်းပါပဲ။ စီရင်စုပြင်ပက တန်ဖိုးသင့် အိမ်ရာအဆောက်အအုံ တည်ဆောက်မှုမှာ အဓိကထား ဆောင်ရွက်တဲ့ ဖခင်နဲ့ မတူဘဲ ဒေါ်နယ်လ်က မက်ဟန်တန်ရဲ့ စွန့်စားမှုမြင့်မားတဲ့ အိမ်ခြံမြေဈေးကွက်မှာ အခွင့်အရေးကို မြင်ခဲ့တယ်။ မက်ဟန်တန်ရဲ့ ဂုဏ်သတင်းကြီးမားမှုနဲ့ တစ်ကမ္ဘာလုံးကို ဆွဲဆောင်နိုင်မှုတွေကြောင့် မက်ဟန်တန်က ခမ်းနားအဆင့်မြင့်မှု၊ ခေတ်မီ သပ်ရပ်လှပမှုတွေနဲ့ ဆက်စပ်တဲ့ ပုံရိပ်တစ်ခုကို တည်ဆောက်ဖို့ အကောင်းဆုံးနေရာလို့ ယုံကြည်တယ်။ မက်ဟန်တန် မိုးမျှော်တိုက် စုဝေးနေရာကို အဆင့်မြှင့်တင်ပေးရုံမက ခမ်းနားအဆင့်မြင့်တဲ့ နေထိုင်မှုစံနှုန်းအသစ်ကို ပြန်လည်ပုံဖော်ပေးနိုင်မယ့် အထင်ကရ အဆောက်အအုံတွေ ဖန်တီးဆောက်လုပ်နိုင်ဖို့က သူ့ရဲ့ ရည်မှန်းချက်ပါ။

❑

## အစောပိုင်း စီမံကိန်းများနှင့် ဂရမ်းဟိုက် စီမံကိန်း

ဒေါ်နယ်လ်ရဲ့ ပထမဆုံး ကြီးမားတဲ့ အောင်မြင်မှုတွေထဲက တစ်ခုကတော့ ဂရမ်းစင်ထရယ် ဘူတာရုံအနီးက ကော်မက်ဒိုဟိုတယ်ကို ပြန်လည်တည်ဆောက်ခြင်း ဖြစ်တယ်။ ပျက်စီးယိုယွင်းနေခဲ့တဲ့ အဆောက်အအုံကြီးကို ဂရမ်းဟိုက်ဟိုတယ်အဖြစ် ၁၉၈၀ ပြည့်နှစ်မှာ အသစ်ပြုပြင်တည်ဆောက်နိုင်ခဲ့တယ်။ အဆောက်အအုံတည်ဆောက်ရေးမှာ သူ့ရဲ့ ညှိနှိုင်းဆောင်ရွက်နိုင်စွမ်းရည်နဲ့ ခိုင်မာတဲ့ ငွေကြေးထောက်ပံ့မှုကို ပြသနိုင်ခဲ့တဲ့ ဒီစီမံကိန်းက ထရမ့်အတွက် အချိုးအကွေ့တစ်ခု ဖြစ်လာခဲ့တယ်။ ကော်မက်ဒိုဟိုတယ်က အချက်အချာကျတဲ့ တည်နေရာမှာ ရှိပေမဲ့ ယိုယွင်းနေကာ ဆွဲဆောင်နိုင်မှု မရှိတော့ပါဘူး။ ဒါကို ထရမ့်က ပြန်လည်အသက်သွင်းဖို့ အခွင့်အရေး မြင်ခဲ့တယ်။

ဟိုက်ဟိုတယ်လုပ်ငန်းစုရဲ့ ပိုင်ရှင်တွေ ဖြစ်ကြတဲ့ ပရစ်စကာ မိသားစုနဲ့အတူ လက်တွဲလုပ်ကိုင်ရင်းက ထရမ့်ဟာ သူ့ရဲ့ရည်မှန်းချက်တွေ အောင်မြင်စေရေးအတွက် မဟာမိတ်တည်ဆောက်နိုင်စွမ်းနဲ့ လူမှုဆက်ဆံရေး အရှိန်အဝါကို ဖော်ပြနိုင်ခဲ့တယ်။ ပရစ်စကာမိသားစုနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းက အဓိကကျခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ထရမ့်က မြို့တော်နဲ့ အခွန်လျှော့ချရေး ညှိနှိုင်းနိုင်ခဲ့တဲ့အတွက် စီမံကိန်းက ငွေကြေးပိုင်းမှာ အကျိုးအမြတ်များစွာရဖို့ အလားအလာ ရှိခဲ့တယ်။ ဂရမ်းဟိုက် စီမံကိန်းရဲ့ အောင်မြင်မှုက ထရမ့်ရဲ့ ရေရှည်မျှော်မှန်းချက်ကို သက်သေပြနိုင်ရုံသာ မကပါဘူး ဘဏ္ဍာရေး၊ နိုင်ငံရေးနဲ့ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ တည်ဆောက်မှုတွေမှာ သူ့ရဲ့ ထိန်းချုပ်နိုင်စွမ်းရည်ကိုလည်း ပြသရာရောက်ခဲ့ပါတယ်။

ခမ်းအနားအဆင့်မြင့်မှုနဲ့ အသေးစိတ်အထိ အာရုံစိုက် လုပ်ဆောင်မှုတွေမှာ ထရမ့်ရဲ့ အယူအဆတွေကိုလည်း ဂရမ်းဟိုက် စီမံကိန်းကြောင့် ပေါ်လွင်ထင်ရှားလာခဲ့တယ်။ အရည်အသွေးအကောင်းဆုံး အချောထည်ပစ္စည်းတွေနဲ့ ထူးခြားကွဲပြားတဲ့ ဒီဇိုင်းပုံစံတွေကို ဦးစားပေးပြီး နောင်လာမယ့် လုပ်ငန်းတွေရဲ့ ကိုယ်ပိုင်အမှတ်အသားတွေ ဖြစ်လာမယ့် စံနှုန်းတစ်ရပ်ကို ချမှတ်ခဲ့တယ်။ ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ ဖန်ပေါင်းမိုး အဆောက်အအုံအဖြစ် ဟိုတယ်က ခမ်းနားထည်ဝါပြီး ခေတ်မီဆန်းပြားတဲ့ ပြယုဂ်တစ်ခု ဖြစ်လာခဲ့တော့တယ်။ အကောင်းဆုံး အရည်အသွေးအပေါ် ဦးစားပေးလိုမှုနဲ့ ခမ်းနား အဆင့်မြင့်မှုမှာ အမြင်ရှိမှုတွေကြောင့် ဂရမ်းဟိုက်က သာမန်ဟိုတယ်တစ်ခုသာသာ မဟုတ်တော့ဘဲ မက်ဟန်တန်မှာ ပထမတန်းစား အထင်ကရနေရာတစ်ခုအဖြစ် အသွင်ပြောင်းလဲခဲ့တယ်။

ဂရမ်းဟိုက်ရဲ့ အောင်မြင်မှုက မက်ဟန်တန် အိမ်ရာအဆောက်အအုံမှာ ထရမ့်ရဲ့ ဂုဏ်သတင်းကို ထွန်းပေါက်စ ကြယ်တစ်ပွင့်အဖြစ် အခိုင်အမာ စိုက်ထူနိုင်စေပြီး နောက်ထပ် ပိုကြီးမားခိုင်မာတဲ့ စီမံကိန်းတွေကို အရယူနိုင်ဖို့ ယုံကြည်ချက်တွေ ပိုမိုခိုင်မာလာတယ်။ ဒါဟာ စိတ်ကူးအကြံဉာဏ်ကို လက်တွေ့ဖြစ်အောင် ပြောင်းလဲနိုင်စွမ်း ရှိတယ်ဆိုတာကို သက်သေပြနိုင်ခဲ့တဲ့ အထောက်အထားတစ်ခု ဖြစ်တဲ့အပြင် အဆင့်မြင့် အိမ်ခြံမြေ စီးပွားရေးလောကမှာ လျှော့တွက်လို့မရတဲ့ လူတစ်ယောက်အဖြစ် အသိအမှတ်ပြုခံခဲ့ရတယ်။

□

## အခက်အခဲစိန်ခေါ်မှုများနှင့် ရရှိသည့် သင်ခန်းစာများ

ဒါပေမဲ့ ထရမ့်ရဲ့ အစောပိုင်း လုပ်ကိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေက စိန်ခေါ်မှုတွေ မရှိခဲ့တာတော့ မဟုတ်ပါဘူး။ စီမံကိန်း အများအပြားအတွက် ခိုင်မာတဲ့ ငွေကြေးထောက်ပံ့တွေ ရရှိဖို့ ဆန်းသစ်တဲ့ စိတ်ကူးအကြံဉာဏ်တွေ လိုအပ်ခဲ့တယ်။ ထရမ့်ရဲ့ စိတ်ကူးဉာဏ် မြင့်မားတဲ့ စီမံကိန်းတွေက အလားအလာရှိပြီး အကျိုးအမြတ် ရှိတယ်ဆိုတာကို ဘဏ်တွေနဲ့ ရင်းနှီးမြုပ်နှံသူတွေကို သက်သေပြဖို့

mgyoe.com

mgyoe.com

ထရမ့်အတွက် လိုအပ်လာတယ်။ ယုံကြည်ရလောက်တဲ့ လုပ်ငန်းအဆိုပြုလွှာတွေ ရေးသားနိုင်ဖို့နဲ့ သူ့ရဲ့ စိတ်ကူးအကြံဉာဏ်တွေကို သဘောပေါက်နားလည်အောင် တင်ပြနိုင်ဖို့ သင်ယူလေ့လာခဲ့တယ်။ ဂရမ်းဟိုက်အတွက် ခိုင်မာစိတ်ချရတဲ့ ငွေကြေး ထောက်ပံ့မှု ရယူနိုင်ခဲ့တာက သူ့ရဲ့ ယုံကြည်အောင် စည်းရုံးနိုင်စွမ်းရည်နဲ့ ငွေကြေး ဆိုင်ရာ အမြင်ထက်မြက်မှုတွေကို ပြသနိုင်ခဲ့ခြင်းပဲ ဖြစ်တယ်။

နယူးယောက်မြို့ရဲ့ ဗျူရိုကရေစီစနစ်ကို ကိုင်တွယ်နိုင်ဖို့အတွက်ကလည်း လုံ့လဝီရိယနဲ့ ကျွမ်းကျင်မှုတွေ လိုအပ်ခဲ့တယ်။ မြို့တော်ရဲ့ ရှုပ်ထွေးလှတဲ့ စည်းကမ်း စနစ်အတွင်း အလုပ်လုပ်နိုင်ဖို့ သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြတဲ့ မြို့တော် အရာရှိ တွေ၊ လူထုရေးရာ ဘုတ်အဖွဲ့တွေ၊ ကန်ထရိုက်တာတွေနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်တဲ့ အရည်အချင်းတွေ လိုအပ်လာတယ်။ အနာဂတ် စီမံကိန်းတွေမှာ ကောင်းကောင်း အသုံးချလို့ ရလာနိုင်မယ့် နိုင်ငံရေးနဲ့ စည်းကမ်းဆိုင်ရာ မူဘောင်တွေကို အသေ အချာ နားလည် သဘောပေါက်လာခဲ့တယ်။

ဒီအစောပိုင်း နှစ်ကာလတစ်လျှောက်လုံးမှာ စွန့်စားမှု စီမံခန့်ခွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုနဲ့ စိတ်ခံတက်ကြံ့ခိုင်မှုရဲ့ အရေးပါမှုတွေအကြောင်း တန်ဖိုးရှိတဲ့ သင်ခန်းစာတွေကို ထရမ့် သင်ယူရရှိခဲ့တယ်။ အတားအဆီး အဟန့်အတားတွေနဲ့ စိန်ခေါ်မှု အခက်အခဲတွေ အမြောက်အမြား ရင်ဆိုင်ခဲ့ရပေမဲ့လည်း ရှေ့ဆက် လျှောက်ဖို့ ဆုံးဖြတ်တယ်။ ဒီအတွေ့အကြုံတွေက သူ့ရဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ အယူအဆတွေကို ပုံဖော်ပေးခဲ့ပြီး ကြီးမားတဲ့ ရည်မှန်းချက်နဲ့အတူ ရဲရဲဝံ့ဝံ့ လုပ်ကိုင် ဆောင်ရွက်ဖို့အတွက် သူ့ရဲ့ ယုံကြည်ချက်တွေကို ခိုင်မာစေခဲ့တယ်။ အိမ်ခြံမြေ စီးပွားရေးလောကမှာ အောင်မြင်ဖို့ဆိုရင် စိတ်ကူးအကြံဉာဏ်တစ်ခုတည်းနဲ့ မလုံ လောက်ဘဲ ကြုံလာရမယ့် အခက်အခဲတွေကို အလိုက်သင့် ပြင်ဆင် ညှိနှိုင်းပြီး လုံ့လဝီရိယရှိရှိနဲ့ လက်တွေ့လုပ်ဆောင်နိုင်စွမ်းရည်လည်း လိုအပ်တာကို ထရမ့် သိနားလည်ခဲ့တယ်။

ပုံရိပ်တည်ဆောက်ခြင်းရဲ့ အစွမ်းသတ္တိက ထရမ့် ရရှိလိုက်တဲ့ သင်ခန်း စာတွေထဲ အရေးကြီးဆုံး အချက်ပါပဲ။ သူ့ရဲ့ပုံရိပ်က ကြွယ်ဝချမ်းသာမှု၊ အောင်မြင် မှုနဲ့ ရည်မှန်းချက်တွေရဲ့ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ ဩဇာကြီးမားတဲ့ ပုံရိပ်တစ်ခု ဖြစ်လာနိုင်တယ်ဆိုတာ သူ နားလည်တယ်။ ဒီအယူအဆက 'ထရမ့်' ဆိုတဲ့ ပုံရိပ်တစ်ခုရဲ့ အစပြုရာဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ အိမ်ခြံမြေလုပ်ငန်းနယ်ပယ် ထက် ကျော်လွန်ချဲ့ထွင်နိုင်စွမ်းရှိတဲ့ ပုံရိပ်တစ်ခု ဖြစ်လာတော့တယ်။ သူ့ရဲ့ကိုယ်ပိုင်

mgyoe.com SAMPLE BOOK

ပုံရိပ်ကို အသေအချာ ပုံဖော်လာခဲ့ပြီး တာဝန်ယူလုပ်ကိုင်တဲ့ စီမံကိန်းတိုင်းကို အကောင်းဆုံး အရည်အသွေးနဲ့ ဂုဏ်ဒြပ်တွေ ထင်ဟပ်စေခဲ့တယ်။

❑

## ထရမ့်ပုံရိပ် အစပျိုးခြင်း

ဒေါ်နယ်လ် ထရမ့်က အိမ်ခြံမြေစီးပွားရေးလောကမှာ နေရာတစ်နေရာရအောင် ကြိုးပမ်းနေချိန်မှာ သူ့ရဲ့ကိုယ်ပိုင် ပုံရိပ်ကိုလည်း စတင်ပျိုးထောင်လာတယ်။ ယှဉ်ပြိုင်မှုမြင့်မားတဲ့ မက်ဟန်တန် အိမ်ခြံမြေလောကမှာ ကွဲထွက်နေမှုက သူ့ကိုယ်သူ အခြားသူတွေနဲ့ ကွဲထွက်နေအောင် ပုံဖော်ဖို့ အရေးကြီးတာကို နားလည်သဘောပေါက်တယ်။ အိမ်ခြံမြေလုပ်ငန်း ဆောင်ရွက်သူအနေနဲ့သာမက ခမ်းနားအဆင့်မြင့်တဲ့ နေထိုင်မှုပုံစံတွေကို ရှေ့ဆောင်ဖန်တီးနိုင်သူအဖြစ်ပါ သူ့ကိုယ်သူ ပုံရိပ်ထင်ဟပ်စေလိုက်တယ်။ ထရမ့်နာမည်က ခမ်းနားထည်ဝါမှု၊ ခေတ်မီဆန်းပြားမှုကို ကိုယ်စားပြုတဲ့ သင်္ကေတတစ်ခု ဖြစ်လာပြီး အကောင်းတကာ့အကောင်းဆုံးကိုမှ လိုလားသူတွေအတွက် မျက်စိကျစရာ ဖြစ်လာတော့တယ်။

ဒီပုံရိပ်နဲ့ စီမံကိန်းတွေရဲ့ ကဏ္ဍအလုံးစုံကို ချဲ့ထွင်နိုင်ခဲ့တယ်။ အဆောက်အအုံတွေရဲ့ ခမ်းနားထည်ဝါတဲ့ အတွင်းပိုင်းကနေစလို့ သူ ရွေးချယ်တဲ့ အကောင်းဆုံးတည်နေရာတွေအထိ အရာရာတိုင်းမှာ ခမ်းနားအဆင့်မြင့်မှုကို ပုံဖော်ပြဖို့ ရည်ရွယ်တယ်။ အိမ်ရာအဆောက်အအုံတွေရဲ့ ဒီဇိုင်းနဲ့ ဈေးကွက်ချဲ့ထွင်ရေးတွေမှာ သူကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပြီး သူ့ရဲ့တိကျတဲ့ စံနှုန်းတွေနဲ့ ကိုက်ညီအောင် စိစစ်လုပ်ကိုင်တယ်။ သူတာဝန်ယူ တည်ဆောက်တဲ့ အဆောက်အအုံတွေက နေထိုင်ဖို့ရော အလုပ်လုပ်ဖို့အတွက်သာမကဘဲ နေထိုင်မှုပုံစံနဲ့ အောင်မြင်မှုစံတွေကိုပါ ဖော်ပြနေပါတယ်။

ပုံရိပ်တည်ဆောက်မှုမှာ သူ့ရဲ့ အသေးစိတ်ကအစ အားထုတ်ကြိုးပမ်းမှုတွေက အရာထင် အောင်မြင်ခဲ့တယ်။ မကြာခင်မှာပဲ ထရမ့်နာမည်က ခမ်းနားအဆင့်မြင့်တဲ့ နေထိုင်မှု သင်္ကေတတစ်ခုအဖြစ် ရပ်တည်နိုင်လာတယ်။ ဒီပုံရိပ်ရဲ့ ခိုင်မာတဲ့ ဂုဏ်သတင်းကြောင့် သူ့ရဲ့ အဆောက်အအုံတွေကို မြင့်မားတဲ့ ဈေးနှုန်းတွေ သတ်မှတ်နိုင်စေပြီး သူ့ရဲ့ စီးပွားပြိုင်ဘက်တွေနဲ့ ကွဲထွက်နေခဲ့တယ်။ ထုတ်ကုန်ပစ္စည်းကို ရောင်းချတာမဟုတ်ဘဲ နေထိုင်မှုပုံစံကို ရောင်းချနိုင်တဲ့ သူ့ရဲ့ စွမ်းဆောင်ရည်က အဓိကကျတဲ့ စီးပွားရေးမဟာဗျူဟာ ဖြစ်လာခဲ့တော့တယ်။

❑

mgyoe.com

mgyoe.com SAMPLE EBOOK

## အနာဂတ် အောင်မြင်မှုများအတွက် လမ်းကြောင်း ပုံဖော်ခြင်း

မိသားစုရဲ့ အမွေအနှစ်တွေကနေ အစောပိုင်း လုပ်ကိုင်တဲ့ စီးပွားရေး လုပ်ငန်းတွေအထိ အိမ်ခြံမြေ လုပ်ငန်းနယ်ပယ်မှာ ဒေါ်နယ်လ် ထရမ့်ရဲ့ ခရီးစဉ်က နောင်အနာဂတ် အောင်မြင်မှုတွေအတွက် လမ်းကြောင်းပုံဖော်နေခြင်း ဖြစ်တယ်။ ရည်မှန်းချက်၊ သင်ယူလေ့လာမှုနဲ့ အောင်မြင်ဖို့အတွက် မဆုတ်မနစ် ကြိုးပမ်းမှုတွေနဲ့ ဒီပုံဖော်နေတဲ့ နှစ်ကာလတွေကို တည်ဆောက်လာတယ်။ အကြီးအကျယ် အောင်မြင်မှုရတဲ့ စီမံကိန်းပဲဖြစ်ဖြစ်၊ ခက်ခဲပင်ပန်းစွာ အားထုတ်ရတဲ့ စီမံကိန်းပဲဖြစ်ဖြစ် စီမံကိန်းတိုင်းက အိမ်ခြံမြေဈေးကွက်အကြောင်း အသိပညာရစေပြီး စီးပွားရေးလုပ်ငန်းရှင် တစ်ဦးအဖြစ် ပိုမို တိုးတက်လာစေခဲ့တယ်။

ဂရမ်းဟိုက်နဲ့အတူ ထရမ့်ရဲ့ အောင်မြင်မှုက ပိုကြီးမားခိုင်မာတဲ့ စီမံကိန်းတွေကို အရယူနိုင်အောင် တွန်းပို့ပေးခဲ့တာပဲဖြစ်တယ်။ သူ့ရဲ့ နောက်ပိုင်း လုပ်ငန်းတွေထဲမှာ ပဉ္စမရိပ်သာလမ်းမှာရှိတဲ့ အထင်ကရ ထရမ့်တာဝါ (Trump Tower) နဲ့ အိမ်ခြံမြေနယ်ပယ်မှာ ဦးဆောင်တဲ့ ထိပ်သီးပုဂ္ဂိုလ်အဖြစ် သူ့ရဲ့ အခြေအနေကို ထပ်ဆောင်းခိုင်မာစေခဲ့တဲ့ အခြားသော လူထုစိတ်ဝင်စားမှု မြင့်မားတဲ့ တည်ဆောက်ရေးလုပ်ငန်း အမျိုးမျိုး ပါဝင်ခဲ့တယ်။ ဒီစီမံကိန်းတွေက မြင့်မားစွာ တွေးခေါ်နိုင်စွမ်းရည်နဲ့ စိတ်ကူးအကြံဉာဏ်ကို အမှန်တကယ် အသက်ဝင်အောင် ပုံဖော်နိုင်စွမ်းရည်ကို သက်သေပြနိုင်ခဲ့တဲ့အပြင် လုပ်ငန်းနယ်ပယ်မှာ အင်အားကြီးမားသူအဖြစ် ထူထောင်နိုင်ခဲ့ပါတယ်။

◆◆◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း ၂

# ပုံရိပ် တည်ဆောက်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄) ထရမ့်တာဝါ အောင်မြင်မှု

## ထရမ့်တာဝါ ဖြစ်ပေါ်မှု

ဘွန်းဝတ်တယ်လာကုန်တိုက် တည်ရှိတဲ့ အမှတ် ၇၂၅၊ ပဉ္စမရိပ်သာလမ်း၊ မက်ဟန်တန်က အကောင်းဆုံး ဆောက်လုပ်ရေး အကွက်အကွင်းနေရာတစ်ခုဆိုတာ သတိပြုမိခဲ့တဲ့ ၁၉၇၀ နှောင်းပိုင်းနှစ်တွေမှာ ထရမ့်တာဝါအတွက် ဒေါ်နယ်လ်ထရမ့်ရဲ့ မျှော်မှန်းချက်ကို စတင် အကောင်အထည်ဖော်ခဲ့တယ်။ တည်နေရာက ခေတ်မီဇိမ်ခံပစ္စည်းတွေနဲ့ တန်ဖိုးကြီးပစ္စည်းတွေ ရောင်းချတဲ့ ဆိုင်တွေနဲ့ လူသိများထင်ရှားတဲ့ မက်ဟန်တန် မြို့လယ်ခေါင်တည့်တည့် နေရာကောင်းတစ်ခုပါ။ ဒီလိုနေရာမှာ အိမ်ရာအဆောက်အအုံ တည်ဆောက်ရင် စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းပြီး အောင်မြင်မှု ရနိုင်မယ့်အပြင် နယူးယောက်မြို့ရဲ့ မိုးမျှော်တိုက်တွေစုဝေးတည်နေရာကို အသွင်ပြောင်းလဲပစ်နိုင်မယ့် အခွင့်အလမ်းကို ထရမ့်က မြင်ခဲ့တယ်။

ဒီမျှော်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ထရမ့်အနေနဲ့ မြေနေရာအဆောက်အအုံကို အရယူနိုင်ဖို့ လိုအပ်လာတယ်။ မဟာဗျူဟာမြောက် ညှိနှိုင်းမှုတွေနဲ့ ငွေကြေးအမြောက်အမြား ရင်းနှီးလိုက်ပြီးတဲ့အခါ ဂျန်နက်စကို ကုမ္ပဏီထံက ဘွန်းဝတ်တယ်လာ အဆောက်အအုံကို ဝယ်ယူနိုင်လိုက်တယ်။ နယ်မြေဒေသဥပဒေကချမှတ်ထားတဲ့ အမြင့်ထက် ပိုမြင့်မားတဲ့ အဆောက်အအုံကို ဆောက်လုပ်

mgyoe.com

mgyi...OK

ခွင့်ပြုခဲ့တဲ့ အနီးအပါးက Tiffany & Co., လက်ဝတ်ရတနာဆိုင်ဆီကနေ ဝေဟင်ပိုင်နက် ရပိုင်ခွင့်လည်း သဘောတူညီ ရယူနိုင်ခဲ့တယ်။ ဒီလို မဟာဗျူဟာမြောက် လက်ဝယ်ရယူမှုက ထရမ့်ရဲ့ သူ့ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့ တီထွင်စဉ်းစားနိုင်မှု စွမ်းရည်ကို ပြသရာရောက်သလို လူမှုဆက်ဆံရေး အရှိန်အဝါကိုလည်း ဖော်ပြနိုင်ခဲ့တယ်။

နောက်ထပ် ကြုံရတဲ့ အခက်အခဲကတော့ ယှဉ်ပြိုင်မှုများတဲ့ မက်ဟန်တန် အိမ်ခြံမြေဈေးကွက်မှာ အများနဲ့မတူ ခွဲထွက်နေပြီး လူအများအာရုံစိုက်မှုကို ရရှိနိုင်မယ့် အဆောက်အအုံဒီဇိုင်း ရေးဆွဲဖို့ပါပဲ။ ထရမ့်က သူ့ရဲ့ စိတ်ကူးကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ခေတ်မီသပ်ရပ်လှပတဲ့ မိုးမျှော်တိုက်ကြီး ဖန်တီးဆောက်လုပ်နိုင်အောင် ဆွမ်းဟေဒင်ကော်နယ် ဗိသုကာကုမ္ပဏီကနေ ဗိသုကာပညာရှင် ဒတ်စကတ်ကို ငှားရမ်းလိုက်တယ်။ မျက်နှာစာမှာ ရောင်ပြန်ဖန်သားပြင်နဲ့ ထောင့်ချွန်းပုံ အဆင့်ဆင့်ပုံစံရှိတဲ့ အဆောက်အအုံဒီဇိုင်းက အသွင်ကွဲပြားတဲ့ အမြင်ကို ပေါ်လွင်စေတယ်။ ချမ်းသာကြွယ်ဝတဲ့ လူကုံထံတွေနဲ့ ဧည့်သည်တွေကို ဆွဲဆောင်နိုင်မယ့် တန်ဖိုးကြီး ဇိမ်ခံပစ္စည်းတွေ၊ အချောထည်ပစ္စည်းတွေနဲ့ အဆောက်အအုံ အတွင်းပိုင်းကလည်း လက်ရာမြောက် သေသပ်လှပတယ်။

❑

## ခမ်းနားအဆင့်မြင့်၏ အရေးပါမှု

ထရမ့်တာဝါ တည်ဆောက်မှုကို ၁၉၇၉ ခုနှစ်မှာ စတင်ခဲ့ပြီး ၁၉၈၃ ခုနှစ်မှာ ပြီးစီးခဲ့တယ်။ စတင်တည်ဆောက်ချိန်ကတည်းက ခမ်းနားအဆင့်မြင့်မှုနဲ့ ခေတ်မီသပ်ရပ်လှပမှုတွေကို ဖော်ကျူးနေတဲ့ အဆောက်အအုံတစ်ခု ဖြစ်စေရမယ်လို့ ရည်ရွယ်ထားတယ်။ အဆောက်အအုံရဲ့ အထပ်နိမ့်တွေမှာ တန်ဖိုးကြီးပစ္စည်းလက်လီ အရောင်းဆိုင်တွေအတွက် ရည်ရွယ်ဆောက်လုပ်ပြီး အထပ်မြင့်တွေကို အဆင့်မြင့် ကွန်ဒိုတိုက်ခန်းတွေ တည်ဆောက်ထားတဲ့အတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဖို့အတွက်ရော လူနေထိုင်ဖို့အတွက်ပါ ဖန်တီးဆောက်လုပ်ခဲ့ခြင်း ဖြစ်တယ်။ စကျင်ကျောက်၊ ရွှေရောင်တလက်လက် တောက်ပနေတဲ့ ပန်းကနုတ်တွေ၊ စီးဆင်းနေတဲ့ ရေတံခွန်တစ်ခုနဲ့ အလှဆင်ထားတဲ့ ငါးထပ်မြင့် ဖန်ပေါင်းမိုးက ထရမ့်တာဝါရဲ့ ထူးခြားကွဲထွက်နေတဲ့ အင်္ဂါရပ်တစ်ခု ဖြစ်တယ်။ ဖန်ပေါင်းမိုးက ကမ္ဘာတလွှား လာရောက် လည်ပတ်ကြတဲ့ ဧည့်သည်တွေကို ဆွဲဆောင်နေပြီး အများပြည်သူ လာရောက်နိုင်တဲ့ ကျက်သရေရှိ ခေတ်မီထည်ဝါတဲ့ နေရာတစ်နေရာ ဖြစ်တယ်။

mgyie.com

mgyoe.com SAMPLE BOOK

အဆောက်အအုံတစ်ခုလုံးမှာ အီတလီစကျင်ကျောက်တွေနဲ့ ကြေးဝါအသုံးအဆောင်ပစ္စည်းတွေလို အရည်အသွေးအကောင်းဆုံး ကုန်ကြမ်းတွေကို အသုံးပြုထားခြင်းက ခမ်းနားအဆင့်မြင့်တဲ့ သင်္ကေတအဖြစ် သူ့ရဲ့အဆင့်အတန်း ဂုဏ်ဒြပ်ကို အားဖြည့်ပေးနေပါတယ်။

ထရမ့်တာဝါက အလျင်အမြန် ဂုဏ်သတင်းကြီးမားလာပြီး ထင်ရှားကျော်ကြားသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေနဲ့ နိုင်ငံရပ်ခြား ရာထူးဂုဏ်ဝါကြီးသူတွေ အစရှိတဲ့ အထက်တန်းလွှာ ပုဂ္ဂိုလ်တွေကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ လူနေအိမ်ခန်းတွေက နယူးယောက်မြို့က သီးသန့်အဖြစ်ဆုံးနဲ့ ဈေးအကြီးဆုံး အိမ်ခန်းတွေထဲ ပါဝင်ပြီး စင်ထရယ်ပန်းခြံ (Central Park) ရဲ့ ရှုမောမဆုံးတဲ့ မြင်ကွင်းအလှတွေနဲ့ ခေတ်အမီဆုံး ပံ့ပိုးမှုအင်္ဂါရပ်တွေကို ထည့်သွင်းပေးထားပါတယ်။ အဆောက်အအုံရဲ့ အရောင်းဆိုင်နေရာတွေမှာလည်း နာမည်ကြီး အမှတ်တံဆိပ် အရောင်းဆိုင်တွေ ပြည့်နှက်လာတဲ့အတွက် ခမ်းနားအဆင့်မြင့်တဲ့ နေရာတစ်နေရာအဖြစ် ဂုဏ်သတင်းကို ပိုမိုခိုင်မာစေခဲ့ပါတယ်။

❑

## ထရမ့်ပုံရိပ် တိုးတက်ပြောင်းလဲမှု

ထရမ့်တာဝါရဲ့ အောင်မြင်မှုက ထရမ့်ပုံရိပ် တိုးတက်ပြောင်းလဲမှုမှာ အရေးကြီးတဲ့ အခန်းကဏ္ဍအနေနဲ့ ပါဝင်ခဲ့ပါတယ်။ ပုံရိပ်တည်ဆောက်ခြင်းဆိုတာက အဆောက်အအုံရဲ့ ရုပ်ဝတ္ထု အစိတ်အပိုင်းတွေထက် ကျော်လွန်ပြီး လူအများလေးစားအောင် ပြသနိုင်တဲ့ ဂုဏ်သိက္ခာ၊ နေထိုင်မှုပုံစံတွေနဲ့လည်း သက်ဆိုင်တယ်ဆိုတာကို ထရမ့်က နားလည်သဘောပေါက်တယ်။ ကြွယ်ဝချမ်းသာမှု၊ အောင်မြင်မှုနဲ့ တမူထူးခြားမှုတွေရဲ့ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ ပုံရိပ်တစ်ခုဖြစ်အောင် ပုံဖော်ရင်း သူ့ကိုယ်သူ ပါးနပ်ထက်မြက်တဲ့ ဈေးကွက်ရှာဖွေသူအဖြစ် တည်ဆောက်တယ်။

ထရမ့်တာဝါ တည်ဆောက်မှုနဲ့ ဖွင့်လှစ်မှုတွေမှာ လူအများ စိတ်ဝင်စားမှုမြင့်မားတဲ့ သတင်းမီဒီယာ လှုံ့ဆော်မှုကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချခဲ့တယ်။ စီမံကိန်းနဲ့ပတ်သက်ပြီး လူထုစကားသံတွေ ထွက်ပေါ်လာအောင်နဲ့ စိတ်လှုပ်ရှားစရာဖြစ်အောင် ထရမ့်က သူ့ရဲ့ဩဇာလွှမ်းမိုးမှုနဲ့ သတင်းမီဒီယာ အတတ်ပညာရပ်တွေကို အသုံးချတယ်။ အဆောက်အအုံရဲ့ ဒီဇိုင်းပုံစံကစလို့ နေထိုင်ကြသူတွေအထိ ဘက်ပေါင်းစုံကို ခေတ်မီဆန်းပြားမှုနဲ့ အဆင့်အတန်းမြင့်မားမှုတွေ ထင်ဟပ်

mgyoe.com

m g y e e . c o m SAMPLE BOOK


အောင် ပုံဖော်ဖန်တီးတယ်။ သတင်းမီဒီယာကို ဗျူဟာမြောက် အသုံးချနိုင်ခဲ့မှုကြောင့် ထရမ့်နာမည်ကို မြှင့်တင်နိုင်ခဲ့ပြီး အိမ်ခြံမြေဈေးကွက်မှာ အင်အားကြီးတဲ့ ပုံရိပ်တစ်ခုအနေနဲ့ ထူထောင်နိုင်ခဲ့ပါတယ်။

ဒီကာလတွေအတွင်းမှာ ထရမ့်ရဲ့ ကိုယ်ပိုင်ပုံရိပ်ကလည်း တစ်စထက်တစ်စ တိုးတက် ပြောင်းလဲလာတယ်။ ရဲဝံ့တဲ့ပုံစံ၊ ဩဇာလွှမ်းမိုးနိုင်တဲ့ အရည်အချင်းနဲ့ ကိုယ့်ကိုယ်ကိုယ် လူထုအာရုံစိုက်မှု မြင့်မားလာအောင် စွမ်းဆောင်နိုင်စွမ်းရည်တို့ကြောင့် လူသိများ ထင်ရှားလာတယ်။ သတင်းမီဒီယာရဲ့ တန်ခိုးဩဇာကို သိရှိနားလည်ပြီး ရုပ်မြင်သံကြားနဲ့ ပုံနှိပ်ထုတ်ဝေရေးမှာ မကြာခဏ မြင်တွေ့ရအောင် ပြုလုပ်ရင်း အကျိုးအမြတ်ရအောင် အသုံးချတယ်။ စီးပွားရေးအောင်မြင်မှုတွေနဲ့ ပေါင်းစပ်ထားတဲ့ သူ့ရဲ့ အထက်တန်းလွှာ နေထိုင်မှုပုံစံတွေက တိုင်းသိပြည်သိ ထင်ရှားလာပြီး အမေရိကန် လူမှုအသိုင်းအဝိုင်းရဲ့ အောင်မြင်မှုအိပ်မက် အမှတ်အသားတစ်ခု ဖြစ်လာစေခဲ့တယ်။

ထရမ့်တာဝါရဲ့ ပုံရိပ်တည်ဆောက်ခြင်းက ရုပ်ဝတ္ထု အဆောက်အအုံတစ်ခုတည်းကိုသာ တည်ဆောက်ရတာ မဟုတ်ပါဘူး။ ခမ်းနားကြီးကျယ်မှုနဲ့ အောင်မြင်မှုတွေရဲ့ လက္ခဏာအငွေ့အသက်တွေ ပါဝင်နေအောင် ထရမ့်နာမည်နဲ့ ပုံရိပ်ကို အသေအချာ ပုံဖော်ခဲ့ရပါတယ်။ ဒီလို ကြိုးပမ်းအားထုတ်မှုကြောင့် သူ့ရဲ့ အဆောက်အအုံတွေကို ထိပ်တန်းဈေးနှုန်းတွေ သတ်မှတ်နိုင်ခဲ့ပြီး ထရမ့်ပုံရိပ်နဲ့ ချိတ်ဆက်လိုတဲ့ ရင်းနှီးမြှုပ်နှံသူတွေနဲ့ နေထိုင်ကြသူတွေကို ဆွဲဆောင်နိုင်ခဲ့တယ်။ ထရမ့်နာမည်က ဩဇာကြီးမားတဲ့ ပုံရိပ်တစ်ခုဖြစ်ပြီး နောင်လာမယ့် လုပ်ငန်းတွေအတွက် အခွင့်အလမ်းတွေ ဖန်တီးနေတယ်ဆိုတာ ထရမ့်တာဝါရဲ့ အောင်မြင်မှုက သက်သေပါပဲ။

❑

## မက်ဟန်တန်၏ အိမ်ခြံမြေဈေးကွက်ကို ပုံသွင်းခြင်း

ထရမ့်တာဝါ တည်ဆောက်မှုက မက်ဟန်တန် အိမ်ခြံမြေဈေးကွက်မှာ ကြီးမားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်စေခဲ့တယ်။ ကြီးကျယ်ခမ်းနားမှုကို စံအသစ်တစ်ခု အစပျိုးလိုက်ပြီး နောင်လာမယ့် စီမံကိန်းတွေအတွက် ပိုမြင့်မားတဲ့ စံနှုန်းတစ်ရပ် ချမှတ်လိုက်တာဖြစ်တယ်။ အဆောက်အအုံရဲ့ အောင်မြင်မှုက လူထုစိတ်ဝင်စားမှု မြင့်မားတဲ့ အလားတူ စီမံကိန်းတွေကို အရယူနိုင်ဖို့ အခြားအိမ်ခြံမြေလုပ်ငန်းရှင်တွေကို လှုံ့ဆော်ပေးခဲ့ပြီး မြို့တော်ရဲ့ ခမ်းနားအဆင့်မြင့်တဲ့ တည်ဆောက်ရေး လှိုင်းတံပိုးအသွင် ဦးဆောင်သွားပါတယ်။

m g y e e . c o m

 mgyoe.com SAMPLE BOOK 

ရောင်ပြန်ဖန်သားပြင် မျက်နှာစာ၊ ထောင့်ချွန်းပုံ အဆင့်ဆင့်ပုံစံတွေနဲ့ ထရမ့်တာဝါရဲ့ ဗိသုကာဒီဇိုင်းလက်ရာက နောက်ပိုင်း အဆောက်အအုံတွေရဲ့ ဗိသုကာဒီဇိုင်းအပေါ်မှာ လွှမ်းမိုးမှုရှိလာတယ်။ ခေတ်မီဆန်းသစ်တဲ့ ဒီဇိုင်းလက်ရာတွေက စီးပွားရေးအရလည်း အောင်မြင်ပြီး အမြင်အားဖြင့်လည်း ဆွဲဆောင်မှုရှိတယ်ဆိုတာကို ဖော်ပြနေတယ်။ အရည်အသွေးမြင့် ပစ္စည်းတွေနဲ့ အချောထည်တွေအပေါ် ထရမ့်ရဲ့ အလေးထားမှုက နောင်အနာဂတ် ကြီးကျယ်ခမ်းနားတဲ့ တည်ဆောက်လုပ်ငန်းတွေအတွက် စံနမူနာတစ်ခုလည်း ဖြစ်လာတယ်။

ထရမ့်တာဝါက ပဉ္စမရိပ်သာလမ်းမှာ တည်ရှိနေခြင်းကလည်း စီးပွားရေးမှာ ပိုကျယ်ပြန့်စွာ တိုးတက်မှုဖြစ်စေတယ်။ အဆင့်မြင့် ဈေးဝယ်နေရာနဲ့ လူနေရပ်ကွက် တည်ရှိရာအဖြစ် နေရာဒေသကို မြှင့်တင်ပေးတဲ့အတွက် ချမ်းသာကြွယ်ဝတဲ့ နေထိုင်သူတွေနဲ့ တန်ဖိုးကြီးပစ္စည်း ရောင်းချသူတွေကို ဆွဲဆောင်တယ်။ အဆောက်အအုံရဲ့ အောင်မြင်မှုကြောင့် အနီးပတ်ဝန်းကျင်ကို စိတ်ဝင်စားမှု မြင့်မားလာပြီး အဲဒီနေရာက အိမ်ရာအဆောက်အအုံ တန်ဖိုးတွေလည်း မြင့်တက်လာခဲ့တယ်။

❑

## ထရမ့်တာဝါ၏ ဩဇာအရှိန်အဝါ

ထရမ့်တာဝါက ဒေါ်နယ်လ် ထရမ့်ရဲ့ အထင်ကရအဖြစ်ဆုံး အောင်မြင်မှုတွေထဲကတစ်ခုအဖြစ် ဆက်လက်ရှိနေပါတယ်။ သူ့ရဲ့ ရေရှည်မျှော်မှန်းချက်၊ ရည်မှန်းချက်နဲ့ ဆောက်လုပ်ရေးစီမံကိန်းတွေကို အကောင်အထည်ဖော်နိုင်စွမ်းရည်ကို သက်သေပြနိုင်တဲ့ ပြယုဂ်တစ်ခုလည်း ဖြစ်တယ်။ အဆောက်အအုံရဲ့ ဩဇာအရှိန်အဝါက ဗိသုကာလက်ရာဒီဇိုင်း ခမ်းနားကြီးကျယ်မှု တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ ခမ်းနားအဆင့်မြင့်မှုနဲ့ အောင်မြင်မှုကို ကိုယ်စားပြုတဲ့ ထရမ့်ပုံရိပ် တည်ဆောက်မှုကိုလည်း ခိုင်မာစေခဲ့ပါတယ်။

ဒေါ်နယ်လ် ထရမ့်အတွက်ကတော့ ထရမ့်တာဝါက တည်ဆောက်မှုတစ်ခုဆိုတာထက် သူ့ရဲ့အဆင့်အတန်း ဂုဏ်ဒြပ်ကို မြှင့်တင်ပေးပြီး သူ့ရဲ့ဩဇာလွှမ်းမိုးမှုကို ချဲ့ထွင်စေနိုင်ခဲ့တဲ့ မူဝါဒလမ်းစဉ်တစ်ရပ် ဖြစ်ခဲ့တယ်။ အဆောက်အအုံရဲ့ အောင်မြင်မှုကြောင့် နောက်ထပ် ပိုကြီးမားခိုင်မာတဲ့ စီမံကိန်းတွေကို အရယူနိုင်ဖို့ ယုံကြည်မှုနဲ့ ငွေကြေးအထောက်အပံ့လည်း ရစေခဲ့တယ်။ ပုံရိပ်တည်ဆောက်ခြင်းရဲ့ အစွမ်းသတ္တိနဲ့ ခိုင်မာပြီး အများအသိအမှတ်ပြုနိုင်တဲ့ နာမည်တစ်ခု ပုံဖော်ခြင်းရဲ့ အရေးပါမှုအပေါ်မှာလည်း သူ့ရဲ့ယုံကြည်မှုက ပိုမိုအားကောင်းလာခဲ့တယ်။

mgyoe.com

mgyoe.com

ထရမ့်တာဝါ တည်ဆောက်မှုကနေ ရရှိခဲ့တဲ့ သင်ခန်းစာက နောက်ပိုင်း စီမံကိန်းတွေအတွက် ထရမ့်ရဲ့ ဗျူဟာအပေါ် မှာ လွှမ်းမိုးမှု ရှိလာခဲ့တယ်။ သူ့ရဲ့ နောင်လာမယ့် စီမံကိန်းတွေမှာ ပုံရိပ်တည်ဆောက်ခြင်း၊ ခမ်းနားအဆင့်မြင့်ခြင်းနဲ့ လူထုစိတ်ဝင်စားမှု မြင့်မားတဲ့ ဈေးကွက်ချဲ့ထွင်ရေးတွေကို ဆက်လက်ဦးစားပေးရင်း ထိပ်တန်း အိမ်ခြံမြေ လုပ်ငန်းရှင်တစ်ဦးအဖြစ် သူ့ရဲ့ရပ်တည်မှုကို ခိုင်မာအောင် ပြုလုပ်ခဲ့တယ်။ ထရမ့်တာဝါရဲ့ အောင်မြင်မှုက ထရမ့်ပုံရိပ်ကို အခြားသော နယ်ပယ်တွေဖြစ်တဲ့ ဟိုတယ်၊ ဖျော်ဖြေရေးနဲ့ နောက်ဆုံး နိုင်ငံရေးနယ်ပယ်တွေအထိ ချဲ့ထွင်နိုင်အောင် လမ်းကြောင်းဖောက်နိုင်ခဲ့တယ်။

◆◆◆

mgyoe.com